# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၇၇]


## မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

## ဒုတိယသမ္မတ ဦးညွန့်ထွန်း ပဉ္စမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေးတက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

စာမျက်နှာ-၃



## လေယာဉ်များတပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)အတွက် တိုက်စွမ်းအားတိုးတက်လာစေမည်ဖြစ်

စာမျက်နှာ-၆

# အသစ်တစ်ဖန် ဖွံ့ဖြိုးလာတော့မည့် လင့်လမ်းတိုက်ခန်းများ

သတင်းဆောင်းပါး
ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး



ရွှေဂုံ(လင့်လမ်း)တိုက်ခန်းများ တည်ဆောက်နေမှုကို တွေ့ရစဉ်။

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ခြေတော်ရင်းနှင့် မလှမ်းမကမ်း လင့်လမ်းနှင့် ရွှေဂုံလမ်းထောင့်တွင်ရှိ အဝါရောင်တိုက်ကြီးများတွင် သူတို့မိသားစု နေထိုင်ခဲ့သည်မှာ သူ့သက်တမ်းတစ်လျှောက်ပင် ဖြစ်သည်။

ဖခင်ဖြစ်သူမှာ အငြိမ်းစား ကျန်းမာရေး ဆရာဝန်ကြီးဖြစ်ပြီး ယခုအခါ ဆုံးပါးသွားခဲ့ပြီ။ လွန်ခဲ့သည့်နှစ်နှစ်ခန့်က သူတို့တိုက်တန်းတွေကို အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် အသစ်ပြန်လည်တည်ဆောက်ရန်အတွက် ခေတ္တပြောင်းရွှေ့စေခဲ့သည်။ ယခုလကုန်တွင်တော့ သူ၏ဖခင်ဆရာဝန်ကြီး မကွယ်လွန်မီကပင် နိုင်ငံတော်က အငှားချဝန်ထမ်းအိမ်ရာအဖြစ် ရရှိထားခဲ့သည့် အဆိုပါနေရာတွင် အသစ်ထွက်ပေါ်လာခဲ့သော တိုက်ကြီးဆီသို့ သူပြောင်းရွှေ့နိုင်တော့မည်။

မူလတိုက်ဝါကြီးများကို ဖြိုဖျက်ကာ အသစ်တည်ဆောက်မည်ဟု သိရစဉ်က နေထိုင်ရေးအတွက် ပူပန်စွာ စိတ်လှုပ်ရှားခဲ့မိသော်လည်း ပြန်လည်ပေးအပ်မည့်အပြင် အိမ်ရာစီမံကိန်းပြန်လည်ဖော်ဆောင်စဉ် အိမ်ငှားနေထိုင်ရေးအတွက်ပါ စီစဉ်ပေးထားခြင်းကြောင့် အဆင်ပြေရကြောင်း အငြိမ်းစားဆရာဝန်ကြီး၏ သားဖြစ်သူက မြန်မာ့အလင်းသို့ ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အန္တရာယ်ကင်းသော စားသောက်ကုန်

လူတို့၏မတော်လောဘကြောင့် နေ့စဉ်စားသုံးလျက်ရှိသော အစားအသောက်များ၏ အရည်အသွေးနှင့် အာဟာရတန်ဖိုးသည် တဖြည်းဖြည်း လျော့ပါးလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အစားအသောက်များတွင် အရောအနှောနှင့်ဆိုးဆေးများ အသုံးပြုလာခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများအဖြစ် ကျန်းမာရေးကို ထိခိုက်လာလျက်ရှိပါသည်။ လူတို့အနေဖြင့် နေ့စဉ်စားသုံးလျက်ရှိသော အစားအသောက်များတွင် သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်မှသာ ရောဂါဘယဖြစ်ပွားမှုနည်းပါးကာ ကျန်းမာသန်စွမ်းသော လူ့အသိုက်အဝန်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

သို့သော်လည်း အဖြည့်ခံအစားအသောက်များဖြစ်သည့် ငါးပိ၊ ငရုတ်သီးမှုန့်၊ လက်ဖက် အစရှိသော စားကုန်တို့ကို ဝယ်သူတို့အကြိုက်လိုက်၍ အရောင်လှစေရန် ဆိုးဆေးများ သုံးသည်ကို ကြားသိနေရသည်။ ငါးပိဆိုရဲနေမှ၊ ငရုတ်သီးမှုန့်ဆို အရောင်နီနေမှ၊ လက်ဖက်ဆို ဇယန်းလက်ဖက်ကဲ့သို့ အရောင်စိမ်းဖန့်ဖန့်လေးဖြစ်နေမှ ကြိုက်သူများအတွက် ဆိုးဆေးများအသုံးပြုလာကြသည်ကို ကြားဖူးသည်။ ဆိုးဆေးများကို ဤသို့ ဝယ်သူအကြိုက်လိုက်၍ မိမိကုန်ပစ္စည်းများ အမြန်ဆုံးရောင်းထွက်အောင် အရောင်ဆိုးကြသလို တာရှည်ခံ မပုပ်မသိုးအောင်ဆိုပြီး သုံးစွဲနေကြသည်လည်းရှိပါသည်။

မကြာသေးမီက ကျန်းမာရေးဝန်ကြီးဌာန၏ စစ်တမ်းကောက်ယူတွေ့ရှိချက်များအရ မြေပဲဆီသန့်ဟုဆိုကာ စားအုန်းဆီရောထားသော တံဆိပ်အမျိုးမျိုး တပ်ဆင်ရောင်းချနေသည့် စားသုံးဆီ ၁၈ မျိုး ဈေးကွက်များအတွင်း စိစစ်တွေ့ထားကြောင်း ကြေညာချက်ထုတ်ပြန်ထားပါသည်။ ဤသည်မှာ ဆိုးဆေးကဲ့သို့ ဝယ်ယူသူအကြိုက်လုပ်ဆောင်ခြင်းမဟုတ်ဘဲ စားအုန်းဆီကို မြေပဲဆီဈေးနှင့်ရောင်းပြီး အမြတ်များများရလို၍ မတော်လောဘနှင့် ထုတ်လုပ်ရောင်းချနေခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ မြေပဲဆီစစ်စစ်ဟု တံဆိပ်ကပ်ပြီး စားအုန်းဆီရောရောင်းနေကြခြင်းသည် လိမ်ညာမှုတစ်ခုသာဖြစ်ပါသည်။

ဤကဲ့သို့ စားသောက်ကုန်များတွင် ဆိုးဆေးများအသုံးပြုခြင်းသည် ထုတ်လုပ်ရောင်းချသူများသာမက စားသုံးသူများတွင်လည်း တာဝန်ရှိပေသည်။ အရောင်လှပမှုကို နှစ်သက်ကြသော စားသုံးသူများကြောင့် ဆိုးဆေးများသုံးစွဲလာသည့်သဘောရှိပါသည်။

ဤနေရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ထိုကဲ့သို့ အန္တရာယ်ရှိ အစားအသောက်များ စစ်ဆေးဖော်ထုတ်၊ ဥပဒေအရ အရေးယူမှုများကို စဉ်ဆက်မပြတ်၊ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းဖြင့် အန္တရာယ်မရှိသော၊ အရည်အသွေးကောင်းမွန်သော စားသောက်ကုန်များဖြစ်စေရန် တစ်တပ်တစ်အား ဖြည့်ဆည်းပေးရာရောက်မည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း စားသောက်ကုန်များကို အရောင်မသုံးဘဲ အရည်အသွေးကောင်းမွန်သော စားကုန်များထုတ်လုပ်နိုင်ရန် ထုတ်လုပ်ရောင်းချသူများက ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ထုတ်လုပ်သူများလည်း ရောင်းအားကောင်း၊ စားသုံးသူများ ပြည်သူများလည်း အန္တရာယ်ကင်းအောင် သမာအာဇီဝကျမှုတအောင် လုပ်ဆောင်သွားသင့်ပါကြောင်း။ ။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြင်ဆင်ရေးဆွဲရာ နောက်ဆုံးအဆင့်သို့ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ တတိယအကြိမ်မြောက် Coordinated Mekong Ministerial Initiative against Trafficking (COMMIT) လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဒီဇင်ဘာ ၁၄ ရက်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ COMMIT လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ရဲမှူးချုပ် ဝင်းနိုင်ထွန်းနှင့် COMMIT လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ Human Trafficking Working Group (HTWG) မှ အဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရဲမှူးချုပ်က အမှာစကားပြောကြားရာ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယ ငါးနှစ်စီမံကိန်း၏ ၂၀၁၆ ခုနှစ်အတွက် လုပ်ငန်းစီမံချက်မူကြမ်းကို ညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေးကို ယခုလနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုအပိုင်းနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်မှုအပိုင်းများတွင် ပြုပြင်ပြောင်းလဲသင့်သည်များ လုပ်ဆောင်ကြရမည်ဖြစ်၍ ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲနေရာတွင် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်ကရေးဆွဲထားခဲ့သည့် လုပ်ငန်းစီမံချက် ကဏ္ဍငါးရပ်တွင်ပါရှိသည့် လုပ်ငန်းစဉ် ၇၅ ရပ်အနက် ၆၄ ရပ်ကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဆောင်ရွက်ဆဲလုပ်ငန်းစဉ် ၁၁ ရပ်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး သက်နောင်က ၂၀၁၆ ခုနှစ် လုပ်ငန်းစီမံချက်မူကြမ်းအား ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက လုပ်ငန်းစီမံချက် မူကြမ်းအပေါ် ပြင်ဆင်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**ထင်သာမြင်သာပြုပြင်စရာ**

# သုံးခွမြို့ရှိ အောင်ဇေယျလမ်းမကြီးပြုပြင်စေလို

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့တွင် အောင်ဇေယျ လမ်းမကြီးသည် သုံးခွမှ သန်လျင်သို့သွားသော အဓိကလမ်းမကြီး တစ်ခုဖြစ်သည်။ အဆိုပါလမ်းမကြီးသည် ရာသီဥတုဒဏ်နှင့် ကာလကြာလာသည်နှင့်အမျှ မြို့တွင်း၊ မြို့ပြင်လမ်းတစ်လျှောက်ရှိ လမ်းပိုင်းများသည် ယိုယွင်းပျက်စီးလာသဖြင့် ခရီးသွားပြည်သူများ သွားလာရေးနှောင့်နှေးကြန့်ကြာကာ အဆင်မပြေမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ယခုအခါတွင် ကတ္တရာများမရှိတော့သဖြင့် ကားများသွားလာသည့်အခါ၌ လမ်းခင်းကျောက်များပဲ့ထွက်ပြီး ကားကြီး၊ ကားငယ်များ ရှောင်တိမ်းမောင်းနေသဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ပြီး လမ်းချော်ခြင်း၊ ခဲစများစင်ခြင်းတို့ကြောင့် အများပြည်သူသွားလာရေး အဆင်ပြေစေရန် အဆိုပါလမ်းကို သက်ဆိုင်ရာမှ အမြန်ပြုပြင်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# အနာကြီးရောဂါဝေဒနာရှင်များအား ခွဲစိတ်ကုသ

**အရာတော် ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၌ Mya Nandanar Construction., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအေးလင်း ဦးဆောင်သော အဖွဲ့သည် အနာကြီးရောဂါ ကိုယ်အင်္ဂါချို့ယွင်းနေသည့် လူနာနှစ်ဦးကို ခွဲစိတ်ကုသနိုင်ရန် ဒီဇင်ဘာ ၁၂ ရက်က မတ္တရာမြို့နယ် ရေနံ့သာအနာကြီးရောဂါ အထူးကုဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါအဖွဲ့သည် လူနာနှစ်ဦးအတွက် စုစုပေါင်း ငွေကျပ်ခြောက်သိန်း လှူဒါန်းခဲ့ပြီး မတ်လ ၁၆ ရက်မှ စတင်ပြီး ခြေ၊ လက်၊ ကိုယ်အင်္ဂါချို့ယွင်းပြီး သာမန်ကုသ၍မရသော အနာကြီးရောဂါဝေဒနာရှင်များကို မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ညဏ်ထွန်းနှင့်ညှိနှိုင်းပြီး ခွဲစိတ်ကုသသူ လူနာလေးဦး၊ ဆင်းရဲနွမ်းပါးသော ဝေဒနာရှင်များ၊ ခိုကိုးရာမဲ့ဝေဒနာရှင် ၄၅ ဦးတို့အတွက် စုစုပေါင်း ငွေကျပ် ၂၄၈၂၀၀၀ လှူဒါန်းခဲ့သည်။ လူနာများကို ပို့ဆောင်ရာတွင် စေတနာသွေးသန့် သွေးလှူရှင်အသင်းက ကားဖြင့် အခမဲ့ပို့ဆောင်ပေးလျက်ရှိကြောင်း အနာကြီးရောဂါတိုက်ဖျက်ရေး မြို့နယ်တာဝန်ခံ ဦးမျိုးဝေက ပြောသည်။

**ခင်ဦးစိုးဝေ**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၈၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၈၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၉.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၇.၆၃ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၃၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆.၀၄ |

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

# ဒုတိယသမ္မတ ဦးညဏ်ထွန်း ပဉ္စမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့် ကော်မတီအစည်းအဝေးတက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ဗန်ကောက် ဒီဇင်ဘာ ၁၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပဉ္စမအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်မှ ထိုင်း လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ယနေ့နံနက်ပိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး အထူးလုပ်ငန်းအဖွဲ့ယန္တရား (SPV) အစည်းအဝေးကို St. Regis Hotel ၌ကျင်းပရာ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံမှ အမျိုးသားစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ၌ ထားဝယ်အထူးစီးပွားရေးဇုန်ကုမ္ပဏီလီမိတက်ဖွင့်လှစ်နိုင်ရေး၊ မြန်မာနိုင်ငံရှိ မြန်မာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်၌ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ရေးနှင့် အစုရှယ်ယာထည့်ဝင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရွှေတိဂုံစေတီတော်သို့ နှစ်လအတွင်း နိုင်ငံခြားသားတစ်သိန်းကျော် ရောက်ရှိဖူးမြော်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၁၅ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာ နှစ်လအတွင်း နိုင်ငံခြားသား တစ်သိန်းကျော်ရောက်ရှိ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

အောက်တိုဘာလတွင် အများဆုံးရောက်ရှိသည့် ထိုင်းနိုင်ငံသား ၁၂၅၈၇ ဦး အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံခြားသား ၄၆၄၈၂ ဦးရောက်ရှိပြီး နိုဝင်ဘာလတွင် အများဆုံးရောက်ရှိသည့် ထိုင်းနိုင်ငံသား ၁၄၉၁၁ ဦးအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံခြားသား ၅၈၉၃၆ ဦး ရောက်ရှိရာ နှစ်လအတွင်း နိုင်ငံခြားသား စုစုပေါင်း တစ်သိန်းကျော် ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

**ကိုချစ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တတိယအကြိမ်အစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တတိယအကြိမ် အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဟော်ရီဇွန်ဟိုတယ်၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မူကြမ်းရေးဆွဲရေးကော်မတီ (FPDDC) မှ လုပ်ငန်းပြီး မြောက်မှုအခြေအနေကို တင်ပြဆွေးနွေးပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ဆွေးနွေးရန် ကျန်ရှိသည့် အခန်းများနှင့် အချက်များအား ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။



အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စားလှယ် ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ နိုင်ငံရေးပါတီများအစုအဖွဲ့ ကိုယ်စားလှယ် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေနှင့် အစုအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနနှင့် သစ်တောတက္ကသိုလ်တို့မှ သုတေသီပညာရှင်များ ပူးပေါင်းကျင်းပသည့် သစ်တောကဏ္ဍဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် (၃၉) သစ်တောဦးစီးရုံးချုပ် အင်ကြင်းခန်းမ နေပြည်တော်၌ ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်းကျင်းပမည်ဖြစ်ရာ သုတေသနစာတမ်း အစောင် ၃၀ ဖတ်ကြားတင်သွင်းမည်ဖြစ်၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စဥ့်ကူးမြို့နယ်၌ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၅

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာ၌ ကျင်းပသော အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။**

ထို့နောက် သင်တန်းကျောင်းဆောင်သစ်မုခ်ဦးရှေ့၌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းခန်းမအတွင်း ကျင်းပသည့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဝန်ထမ်းများနှင့် သင်တန်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ သင်တန်းသူအိပ်ဆောင်၊ နည်းပြဆောင်၊ စာသင်ဆောင်၊ စားရိပ်သာ၊ အုပ်ချုပ်မှုရုံးနှင့် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၂)ရပ်အား နယ်စပ်ဒေသများတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသကဲ့သို့ နယ်စပ်ဒေသများနှင့် သွားလာရန်ခက်ခဲသည့် ဝေးလံခေါင်းပါးသော ဒေသများရှိ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်း တစိုက်မတ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရေး မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၃၇ ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုဖွင့်လှစ်ပေးခဲ့သော သင်တန်းကျောင်းသည်လည်း ၃၈ ကျောင်းမြောက်ဖြစ်ပြီး သင်တန်းကျောင်းများ၌ အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံ လက်ရက်ကန်းသင်တန်း၊ ဂျပ်ခုတ်သင်တန်းနှင့် ဇာထိုးပန်းထိုးသင်တန်းများအား ကျွမ်းကျင်တတ်မြောက်သည်အထိ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အိုင်အက်စ်တို့အား အရှိန်မြှင့်တင်ချေမှုန်းရေး မိတ်ဖက်နိုင်ငံများအား သမ္မတအိုဘားမားတိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်တို့အား ပိုမိုချေမှုန်းနိုင်ရန် ညွန့်ပေါင်းအဖွဲ့ကို အကူအညီများ မြှင့်တင်ပေးရန် လိုအပ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားလိုက်သည်။



အမေရိကန်သမ္မတ ဘားရက်အိုဘားမား ဒီဇင်ဘာ ၁၄ ရက်က ဝါရှင်တန်မြို့ ပင်တဂွန်စစ်ဌာနချုပ်သို့ အိုင်အက်စ်ချေမှုန်းရေး အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာစဉ်။

အိုင်အက်စ် စစ်သွေးကြွများအား အရှိန်မြှင့်တင် ချေမှုန်းနိုင်ရေး၊ မိတ်ဖက်နိုင်ငံများမှ အကူအညီ ပိုမိုရရှိရေး အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာကို အရှေ့အလယ်ပိုင်းသို့ စေလွှတ်ထားကြောင်း ပင်တဂွန်၌ သမ္မတ အိုဘားမားက ပြောသည်။

"ဒီအတိုင်း ဆက်သွားမယ်ဆိုရင် အိုင်အက်စ်တွေကိုတိုက်ခိုက်ဖို့ ခက်ခဲလာပါလိမ့်မယ်။ တိုက်ခိုက်ချေမှုန်းရေးကို အရှိန်မြှင့်တင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်" ဟု သမ္မတ အိုဘားမားက ပြောသည်။

အမေရိကန်နှင့် မဟာမိတ်တို့၏ တိုက်ခိုက်မှုများကြောင့် အီရတ်နှင့် ဆီးရီးယားတို့တွင် အိုင်အက်စ်တို့ အနေဖြင့် နယ်မြေစွန့်လွှတ်ဆုံးရှုံးမှုများပြားလာခဲ့သည်။

အိုင်အက်စ် ခေါင်းဆောင်များကိုလည်း တစ်ဦးပြီးတစ်ဦး ပစ်မှတ်ထားတိုက်ခိုက်လာနိုင်သည်ဟု ဆိုသည်။

ညွန့်ပေါင်းတပ်ဖွဲ့အနေဖြင့် အိုင်အက်စ်တို့၏ ရေနံတွင်းများ ရေနံသန့်စင်ရုံများ၊ ရေနံတင်ကားများကို ဝေဟင်မှ ပစ်မှတ်ထားတိုက်ခိုက်လာလျက်ရှိသည်။

ယခုလအစောပိုင်းက ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဘာနာဒီနိုတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အကြမ်းဖက်အုပ်စုနှင့်ပတ်သက်ပြီး ၎င်း၏မူဝါဒကို ပြည်သူများကဝေဖန်ခဲ့ကြသည်။

ထို့အပြင် အမေရိကန်သမ္မတ အိုဘားမားသည် အိုင်အက်စ်အကြမ်းဖက်စစ်ဆင်ရေး အရှိန်မြှင့်လုပ်ဆောင်ရန် ရှေ့ဆက်လုပ်မည့် မူဝါဒကို ချပြပြီး ၎င်း၏နည်းဗျူဟာကို ကာကွယ်ရန် ကြိုးစားနေသည်ဟု ကျွမ်းကျင်သူများက ပြောသည်။

(ရိုက်တာ)

# နယူးဇီလန်နိုင်ငံ အလံသစ်ပြောင်းမည်

**ဝဲလ်လင်တန် ဒီဇင်ဘာ ၁၅**

အပြာရောင်နှင့်အနက်ရောင်အောက်ခံပေါ်တွင် ငှက်မွေးတောင်သဏ္ဌာန် ဖန်းပင်သစ်ရွက်ပုံပါ အလံသစ်သည် လက်ရှိနယူးဇီလန်နိုင်ငံ၏ အလံနှင့်ယှဉ်ပြိုင်ရန် လာမည့်မတ်လတွင် ရွေးချယ်သွားရန် အတည်ပြုပြီဖြစ်သည်။

လက်ရှိနယူးဇီလန်အလံသည် ထောင့်တွင် ယူနီယံဂျက်နှင့် ကြယ်လေးလုံးပါဝင်ပြီး တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း နယူးဇီလန်နိုင်ငံတည်ရှိမှုကို ဖော်ညွှန်းထားသည်။

ယခုနှစ်အစောပိုင်းတွင် နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကေးက အလံသစ်ပြောင်းလဲရေး လူထုဆန္ဒခံယူပွဲကျင်းပရန် ကြေညာခဲ့ပြီး ကီဝီငှက်၊ သိုးကဲ့သို့သော ဒေသသတ္တဝါပုံများပါ အလံ ၁၀၀၀၀ ကျော်အနက်မှ နောက်ဆုံးဆန်ခါတင် ငါးခုကို ရွေးချယ်ခဲ့ကြသည်။ နယူးဇီလန်နိုင်ငံသားများက အဆိုပါ ဆန်ခါတင်ငါးခုအနက်မှ တစ်ခုကို ပထမအဆင့်အဖြစ် လူထုဆန္ဒခံယူပြီး ရွေးချယ်ပေးခဲ့ကြရာ အနက်နှင့်အပြာအောက်ခံပေါ်တွင် ကြယ်နီလေးလုံးနှင့် အဖြူရောင်ဖန်းကျောက်ခက်ပုံပါအလံကို အတည်ပြုရွေးချယ်ခဲ့ကြသည်။ ပြီးခဲ့သော သောကြာနေ့က ကနဦးရလဒ်များကို တရားဝင်ရလဒ်အဖြစ် အတည်ပြုခဲ့သည်။

သို့သော်လည်း လက်ရှိအလံကို ဆက်လက်ထားသင့်၊ မထားသင့် လာမည့် မတ်လတွင် ဒုတိယအဆင့်အဖြစ် လူထုဆန္ဒခံယူပြီး ရွေးချယ်မှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ နယူးဇီလန်နိုင်ငံသားအချို့က လက်ရှိအလံကိုလည်း ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဆက်လက်ထားရှိရန် ဆန္ဒရှိနေကြသည်ဟု ဆိုသည်။

(ရိုက်တာ)



အတည်ပြုပြီးသော နယူးဇီလန်အလံသစ်ကို အများပြည်သူများအား ထုတ်ဖော်ပြသနေစဉ်။

# ဆီးရီးယားကိစ္စဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မော်စကိုရောက်

**မော်စကို ဒီဇင်ဘာ ၁၅**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် သူပုန်အုပ်စုများ ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းရေးဖြစ်စဉ်အတွင်း ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် သဘောထားကွဲလွဲမှုများ ဆွေးနွေးရန် အင်္ဂါနေ့က မော်စကိုမြို့သို့ရောက်ရှိလာသည်။

နိုင်ငံခြားရေးဝန်ကြီးကယ်ရီအနေဖြင့် သောကြာနေ့ နယူးယောက်ဆွေးနွေးပွဲမတိုင်မီ အစည်းအဝေးတစ်ရပ်ကျင်းပရန် ဆီးရီးယားအရေးကမ္ဘာ့ခေါင်းဆောင်များနှင့်ဆွေးနွေးရန် ပြင်ဆင်လျက်ရှိသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်အနေဖြင့် အစည်းအဝေးသစ် မစတင်မီ ကြိုတင်ပြင်ဆင်မှုအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးထံသို့ ဖုန်းဆက်ဆွေးနွေးခဲ့သည်ဟုဆိုသည်။

(ရိုက်တာ)

# အကြမ်းဖက်တိုက်ဖျက်ရေး ညွန့်ပေါင်းအဖွဲ့ မွတ်စလင် ၃၄ နိုင်ငံဖြင့် ဖွဲ့စည်း

**ရီယာဒ် ဒီဇင်ဘာ ၁၅**

အကြမ်းဖက်တိုက်ဖျက်ရေး စစ်ဘက်ဆိုင်ရာ မဟာမိတ်ညွန့်ပေါင်းအဖွဲ့တွင် မွတ်စလင်နိုင်ငံ ၃၄ နိုင်ငံပါဝင်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံက ပြောကြားသည်။

အဆိုပါအဖွဲ့၏ပူးပေါင်းစစ်ဆင်ရေးဌာနချုပ်ကို ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့၌ ထားရှိမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာကပြောသည်။ ယင်းမဟာမိတ်ညွန့်ပေါင်းအဖွဲ့တွင် အာရှ၊ အာဖရိကနှင့် အာရပ်ကမ္ဘာမှ နိုင်ငံများပါဝင်ကြောင်း၊ သို့သော်လည်း ဆော်ဒီအာရေဗျနိုင်ငံသည် အီရန်နှင့် ဒေသတွင်း အဓိကပြိုင်ဘက်မဟုတ်ကြောင်း ဆိုသည်။

ယင်းအဖွဲ့တွင် အာဖဂန်၊ အီရတ်နှင့် ဆီးရီးယားတို့မပါဝင်ဟုဆိုသည်။ ယင်းအဖွဲ့သည် နိုင်ငံတကာက ပင်လယ်ကွေ့အာရပ်နိုင်ငံများအား အိုင်အက်စ်တို့ကို တိုက်ခိုက်မှုအရှိန်မြှင့်တင်ရန် ဖိအားပေးလိုက်ပြီးနောက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

(ရိုက်တာ)



ဆော်ဒီကာကွယ်ရေးဝန်ကြီး မိုဟာမက်ဘင်ဆဲလ်မန်း ညွန့်ပေါင်းအဖွဲ့သစ် ဖွဲ့စည်းကြောင်း ကြေညာနေစဉ်။

# ဆီးရီးယားပြည်သူ ၁၃ သန်းကျော်အား ဒေါ်လာ သုံးဘီလီယံကျော်ခွဲဝေပေးမည်

**ဒမတ်စကတ် ဒီဇင်ဘာ ၁၅**

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလိုအပ်နေသော ဆီးရီးယားပြည်သူ ၁၃ ဒသမ ၅ သန်းအား လာမည့် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ ခွဲဝေပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂထိပ်တန်းတာဝန်ရှိသူတစ်ဦးက တနင်္လာနေ့က ပြောသည်။

"ကုလသမဂ္ဂနဲ့ ကျွန်တော်တို့မိတ်ဆွေတွေက အကူအညီလိုအပ်နေတဲ့ ဆီးရီးယားပြည်သူ ၁၃ ဒသမ ၅ သန်းအတွက် ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ ပေးဖို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသွားမှာဖြစ်ပါတယ်" ဟု ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာရုံး တာဝန်ရှိသူ စတီဖင်အိုဘရီရင်က ဒမတ်စကတ်မြို့၌ ပြောကြားသည်။

ဆီးရီးယားပြည်သူ ၆ ဒသမ ၅ သန်းမှာ ပြန်လည်နေရာချထားခြင်း မပြုလုပ်နိုင်သေးကြောင်း၊ ယင်းတို့တွင် ၇၂ ရာခိုင်နှုန်းမှာ သောက်သုံးရေမရဖြစ်နေကြောင်း၊ ကလေးနှစ်သန်းခန့်မှာလည်း ကျောင်းတက်နိုင်ခြင်းမရှိကြောင်း ၎င်းက ပြောသည်။

(ဆင်ဟွာ)

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# အာဆီယံစီးပွားရေးအသိုက်အဝန်းအကြောင်း တစေ့တစောင်း

ထွန်းတောက်

**အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community- AEC) သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စတင်ပေါ်ထွန်းလာမည်ဖြစ်သည်။**

**အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို ကျင့်သုံးရခြင်း၏ရည်ရွယ်ချက်မှာ ဒေသတွင်းနိုင်ငံများထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများ လွတ်လပ်စွာလှုပ်ရှားစီးဆင်းရေးနှင့် ဝန်ဆောင်မှုနှင့် ကျွမ်းကျင်လုပ်သားများကို အဖွဲ့ဝင်နိုင်ငံများတွင် ပျံ့နှံ့လှုပ်ရှားစေရေးတို့ပင်ဖြစ်သည်။ AEC စတင်ဖော်ဆောင်ချိန်၌ အထက်ပါရည်ရွယ်ချက်မှာ အပြည့်အဝမဖြစ်သေးပေမယ့် တဖြည်းဖြည်းနှင့် တိုးတက်ဖြစ်ထွန်းလာမည့်စီမံချက်ဖြစ်သည်ဟု စီးပွားရေးပညာရှင်များက လေ့လာသုံးသပ်ကြသည်။**




အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ (ASEAN)၏ မဏ္ဍိုင်သုံးရပ်ထဲမှတစ်ခုဖြစ်သည်။ ၂၀၀၇ ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံအဖွဲ့ခေါင်းဆောင်များက AEC မူဘောင်ကို လက်မှတ်ရေးထိုးပြီးကတည်းက အကောင်အထည် ဖော်ဆောင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်လာကြသည်။ ယခု ၂၀၁၅ ခုနှစ် အကုန်တွင် AEC မှာ သက်ဝင်လှုပ်ရှားလာတော့မည်ဖြစ်သည်။

အာဆီယံအတွင်းရေးမှူးရုံးက ထုတ်ပြန်သော အစီရင်ခံစာ၌ စီးပွားရေးအသိုက်အဝန်းအတွက် အခြေခံကျပြီး အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ စီးပွားရေးအသိုက်အဝန်းဖွဲ့စည်းမှုကို အဆင့်ဆင့်တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖော်ပြထားသည်။

စီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော်ပြီးသောအခါ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အသားတင်ထုတ်လုပ်မှု ဂျီဒီပီမှာ ၂၀၂၅ ခုနှစ်တွင် ခုနစ်ရာခိုင်နှုန်းရှိလာမည် ဖြစ်သည်။ ငွေပမာဏအားဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိလာမည်ဖြစ်ပြီး သုံးစွဲသူအရေအတွက် သန်း ၆၀၀ ကျော်လာမည်ဖြစ်သည်။ အမှန်ပင် အကောင်အထည်ဖော်နိုင်ခဲ့လျှင် AEC သည် အာရှစီးပွားရေးကို ပြောင်းလဲသွားစေမည် ဖြစ်သည်ဟု စီးပွားရေးပညာရှင်တို့က သုံးသပ်ပြောဆိုသည်။

တစ်ခုတည်းသော စီးပွားရေးဒေသအဖြစ်ပေါင်းစည်းရာမှာ AEC ကို ဒေါက်တိုင်လေးရပ်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းလေးရပ်မှာ တစ်ခုတည်းသော ဈေးကွက်နဲ့ကုန်ထုတ်လုပ်မှုကိုအခြေခံခြင်း၊ ယှဉ်ပြိုင်သော စီးပွားရေးစနစ်ကို ဖော်ဆောင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုညီမျှစေခြင်းနှင့် ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းခြင်းတို့ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ၏တိုးတက်မှုကို AEC အမှတ်ပေးကတ်စနစ်ဖြင့် မှတ်သားသွားမည်ဖြစ်သည်။

အာဆီယံအဖွဲ့တွင် လွန်ခဲ့သည့်နှစ်များမှ စတင်ကာ ပထမဒေါက်တိုင်ကို အကောင်အထည် ဖော်ဆောင်လျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများကြား ကုန်ပစ္စည်းရောင်းဝယ်ရာတွင် သွင်းကုန်ခွန်လျှော့ချမှုနှင့် ကုန်သွယ်ရေးချောမွေ့စေဖို့တစ်ခုတည်းသော တံခါးပေါက်ကို ထူထောင်နိုင်ခဲ့သည်။ သို့သော် အာဆီယံနိုင်ငံများကြားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အရင်းအနှီးစီးဝင်မှု မြင့်တက်စေရန်အတွက် တင်းကျပ်မှုများကိုလျှော့ဖို့ နှေးကွေးနေသေးသည်ဟု ပညာရှင်များက ထောက်ပြသည်။

☐ **အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အသားတင်ထုတ်လုပ်မှု ဂျီဒီပီမှာ ၂၀၂၅ ခုနှစ်တွင် ခုနစ်ရာခိုင်နှုန်းရှိလာမည် ဖြစ်သည်။ ငွေပမာဏအားဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိလာမည်ဖြစ်ပြီး သုံးစွဲသူအရေအတွက် သန်း ၆၀၀ ကျော်လာမည်ဖြစ်သည်။ အမှန်ပင် အကောင်အထည်ဖော်နိုင်ခဲ့လျှင် AEC သည် အာရှစီးပွားရေးကို ပြောင်းလဲသွားစေမည်ဖြစ်သည်ဟု စီးပွားရေးပညာရှင်တို့က သုံးသပ်**

ယနေ့အထိ အာဆီယံ ခြောက်နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ဒေသတွင်း ကုန်သွယ်မှုသွင်းကုန်ခွန်ကို ၉၉ ဒသမ ၂ ရာခိုင်နှုန်းအထိ လျှော့ချထားခဲ့ကြပြီးဖြစ်သည်။ သုညရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ဆက်လက်ကြိုးပမ်းနေသည်။

CLMV ဟုခေါ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည်လည်း ၉၀ ဒသမ ၈၆ ရာခိုင်နှုန်းအထိ သွင်းကုန်ခွန်ကို လျှော့ချခဲ့ကြပြီးဖြစ်သည်။ အာဆီယံအဖွဲ့၏ သွင်းကုန်ခွန်လျှော့ချမှုစံသည် ၉၅ ဒသမ ၉၉ ရာခိုင်နှုန်းဖြစ်သည်ဟု အာဆီယံအတွင်းရေးမှူးရုံး၏ကြေညာချက်၌ ဖော်ပြထားသည်။

အာဆီယံအဖွဲ့၏ ဆွေးနွေးဖက် ခြောက်နိုင်ငံဖြစ်သည့် ဩစတြေးလျ၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့နှင့် လွတ်လပ်စွာကုန်သွယ်မှုစာချုပ် (FTAs) များကိုလည်း အပြီးသတ်ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်သည်။

အာဆီယံအဖွဲ့နှင့် အထက်ပါဆွေးနွေးဖက် ခြောက်နိုင်ငံကြားတွင် ဒေသတွင်း ကျယ်ပြန့်သော စီးပွားရေးပေါင်းစည်းမှု (RCEP) ကို ၂၀၁၅ ခုနှစ် မကုန်မီမှာပင် အပြီးညှိနှိုင်းသွားရန် စီစဉ်ထားသည်။ RCEP ဒေသတွင်း စားသုံးသူ သုံးဘီလျံရှိပြီး ထုတ်လုပ်မှုအသားတင်မှာ အမေရိကန်ဒေါ်လာ ၁၇ ထရီလီယံရှိသည်။

အာဆီယံအဖွဲ့သည် ဒေသတွင်း တစ်ပေါင်းတစ်စည်းတည်းဖြစ်ရန် လျင်မြန်စွာ လုပ်ဆောင်နေသော်လည်း အချို့သော အဖွဲ့ဝင်နိုင်ငံများမှာ ယခုနှစ်ကုန် စီးပွားရေးအသိုက်အဝန်း၌ ပါဝင်ရန်အသင့်မဖြစ်ကြသေးပေ။

နိုင်ငံ၏ ဥပဒေကို ပြန်လည်ပြင်ဆင်ရန် နှေးကွေးနေသေးသည်။ အဖွဲ့ဝင်နိုင်ငံများကြားတွင် ဖွံ့ဖြိုးမှုကွာဟချက်များရှိနေသေးသည်။ လူထုပါဝင်မှုနှင့် ဒီမိုကရေစီအဖွဲ့အစည်းများ အားနည်းနေသေးသည်ဟု ကမ္ဘောဒီးယားနိုင်ငံမှ မဟာဗျူဟာလေ့လာရေးဌာန ဥက္ကဋ္ဌ ချအန်းဗန်နာရစ်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဈေးချိုသော အလုပ်သမား ဈေးကွက်ရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဝင်လာလိမ့်မည်ဟု မျှော်လင့်နေသည်။ ထိုင်းနိုင်ငံက AEC ပေါ်လာသောအချိန်တွင် ယင်း၏ မော်တော်ကားဈေးကွက်ကို ဒေသတွင်းနိုင်ငံများမှာ ဖြန့်ကြက်နိုင်လိမ့်မည်ဟု ယုံကြည်နေသည်။

မလေးရှားနှင့် စင်ကာပူသည် လူလတ်တန်းစားဝင်ငွေရှိသော နိုင်ငံများဖြစ်ပြီး ၎င်းတို့၏ ထုတ်ကုန်များနှင့် သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို တင်ပို့ကြမည်ဖြစ်သည်။ စင်ကာပူနိုင်ငံသည် ယင်း၏ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများကို AEC အတွင်း၌ ပိုမိုဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ထားသည်။

ဖွံ့ဖြိုးမှုနည်းပါးသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံအချို့သည် စီးပွားရေးအသိုက်အဝန်းတွင် အချိတ်အဆက်မိမိ ပါဝင်ဆောင်ရွက်နိုင်ရန်မှာ ဘဏ္ဍာရေးမလုံလောက်မှု၊ အုပ်ချုပ်ရေးအားနည်းမှု၊ အကျင့်ပျက်ခြစားမှုနှင့် အစိုးရများသည် နိုင်ငံတကာနှင့် ဌာနဆိုင်ရာချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းသေးသည်ကို တွေ့ရှိနေရသည်။

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က AEC အကောင်အထည်ဖော်မှုမှာ ၉၂ ဒသမ ၇ ရာခိုင်နှုန်းအထိ ပြီးနေပြီဟု ပြောဆိုသည်။ AEC ဖွဲ့စည်းမှုဆိုင်ရာ အမှုဆောင်လုပ်ငန်း ၄၆၉ ခုကို လုပ်ဆောင်ခဲ့ပြီး ကျန်သည့်လုပ်ငန်း ၃၇ ခုကို လာမည့်နှစ် အစောပိုင်းတွင် ဦးစားပေးဖော်ဆောင်မည်ဟု မစ္စတာနာဂျစ်က ပြောဆိုသည်။

အာဆီယံအဖွဲ့၏ လုပ်ဆောင်မှုများသည် လွဲချော်မှု၊ သတ်မှတ်ချိန်နှင့် မကိုက်ညီမှုများရှိသည် မှန်သော်လည်း မိမိတို့သည် ကြိုးပမ်းဆောင်ရွက်နေပါသည်ဟု မစ္စတာနာဂျစ်က ပြောဆိုသည်။

၂၀၁၅ ခုနှစ်အကုန်၌ အာဆီယံစီးပွားရေးအသိုက်အဝန်းကို ဖော်ဆောင်နိုင်ခဲ့လျှင် ဤစီမံကိန်း၏ တိုးတက်မှုသည် အာဆီယံနိုင်ငံများကို အထောက်အကူပြုမည်ဖြစ်ပြီး မတည်ငြိမ်သော ကမ္ဘာ့စီးပွားရေးနယ်ပယ်မှာ စိန်ခေါ်မှုများကို အာဆီယံနိုင်ငံများသည် ယုံကြည်မှုအပြည့်နှင့် ကြံ့ကြံ့ခံနိုင်မည်ဟု မစ္စတာနာဂျစ်က သုံးသပ်ပြောဆိုခဲ့သည်။

## ဂျပန်နိုင်ငံတွင် ၂၀၂၀ အိုလံပစ်အားကစားပြိုင်ပွဲကျင်းပရန် အားကစားရုံများကို ၂၀၁၉တွင် အပြီးတည်ဆောက်မည်





ဘာသာပြန် - တင်လင်းအောင်

**တိုကျို ဒီဇင်ဘာ ၁၅**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် ၂၀၂၀ အိုလံပစ်နှင့် ပါရာလံပစ် အားကစားပြိုင်ပွဲများ ကျင်းပရန် အားကစားသမားများနှင့် အားကစား အရာရှိများအတွက် လိုအပ်သော အဓိကအားကစား အဆောက်အအုံများ ဆောက်လုပ်ရန် အပြိုင်အဆိုင်တင်သွင်းလာသော အဆိုပြုလွှာများကို ဂျပန်အားကစားကောင်စီက စိစစ်မှုများပြုလုပ်နေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လန်ဒန်အခြေစိုက် ဗိသုကာပညာရှင်တင်သွင်းသော အဆိုပြုလွှာသည် အဆောက်အအုံဆောက်လုပ်ရန် ကုန်ကျစရိတ်များပြားသောကြောင့် ဝေဖန်မှုများခံနေရသည်။

ဂျပန်နိုင်ငံ အားကစားမြှင့်တင်ရေးအဖွဲ့က အဆိုပါအားကစားအဆောက်အအုံသစ်ကို ဆောက်လုပ်ရန် တာဝန်ရှိဆုံးဖြစ်ကြောင်းသိရပြီး ၎င်း၏ ဝက်ဘ်စာမျက်နှာပေါ်တွင် တနင်္လာနေ့က အားကစားအဆောက်အအုံသစ်ဆောက်လုပ်ရန် အဆိုပြုလွှာအသစ်နှစ်ခုကို လွှင့်တင်ခဲ့သည်။

အားကစားအဆောက်အအုံ ပုံစံသစ်နှစ်ခုစလုံးမှာ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ကုန်ကျစရိတ်မှာလည်း ဒေါ်လာ ၁ ဒသမ ၂၄သန်းထက် လျော့နည်းကြောင်း သိရသည်။ အဆောက်အအုံကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အပြီးဆောက်လုပ်ရန် လျာထားသည်။

ဂျပန်အားကစား ကောင်စီ၏ စိစစ်ရေးကော်မတီက အဆောက်အအုံပုံစံနှစ်ခုထဲမှတစ်ခုကို တည်ဆောက်ရန် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# လေယာဉ်များတပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)အတွက် တိုက်စွမ်းအားတိုးတက်လာစေမည်ဖြစ်





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၆၈)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်အထိမ်းအမှတ်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (မြဝတီ)

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တပ်မတော်ကို နိုင်ငံတကာ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်မည့် ခေတ်မီတပ်မတော်တစ်ခုအဖြစ်ရည်မှန်းပြီး ဖွဲ့စည်းတည်ဆောက်ရာတွင် လူသားအရင်းအမြစ်၊ လက်နက်နည်းပညာနှင့် ခနအင်အားများ လိုအပ်သကဲ့သို့ တပ်မတော်သားများ အနေဖြင့် စည်းကမ်းစနစ်တကျရှိရန်တို့ လိုအပ်ကြောင်း၊ ခေတ်မီနည်းပညာသုံး လေယာဉ်၊ ရဟတ်ယာဉ်များ၊ စစ်ပစ္စည်း လက်နက်ကိရိယာများ ဝယ်ယူဖြည့်တင်းခြင်းနှင့်အတူ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့်ကြိုးပမ်း လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ယနေ့ နံနက် ၉ နာရီခွဲတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း၌ ကျင်းပသော (၆၈)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်အထိမ်းအမှတ်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင် အခမ်းအနားတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(လေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ပူးတွဲ တာဝန်ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မိတ္ထီလာတပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင် အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ပဉ္စမအကြိမ် တပ်တော်ဝင် လွှဲပြောင်းပေးမှု အပါအဝင် စုစုပေါင်းလေယာဉ် ငါးမျိုး၊ ၃၇ စင်းနှင့် ရဟတ်ယာဉ် သုံးမျိုး၊ ကိုးစင်းတို့ကို တပ်မတော်(လေ)သို့ အောင်မြင်စွာ လွှဲပြောင်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ခေတ်မီအင်အား တောင့်တင်းရန် ခေတ်မီစစ်လက်နက်ပစ္စည်းများ တပ်ဆင်ရမည်ဖြစ်သကဲ့သို့ ယင်းပစ္စည်းများကို ကိုင်တွယ်အသုံးပြုနိုင်မည့် အရည်အချင်းရှိသော စစ်သည်တော်များ မွေးထုတ်ပေးခြင်းသည်လည်း အရေးပါကြောင်း၊ တပ်မတော်ကို ခေတ်မီတပ်မတော် (Standard Army) ဖြစ်စေရေး တည်ဆောက်လျက်ရှိရာတွင် တပ်ဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် အရည်အချင်းရှိသူများဖြစ်အောင် လေ့ကျင့် ပျိုးထောင်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ လေယာဉ်များ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)အတွက် တိုက်စွမ်းအား တိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်၊ ရဟတ်ယာဉ်များကို အန္တရာယ်ကင်းဘေးရှင်းစွာ ပျံသန်းမောင်းနှင်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးရှိအောင် လေ့ကျင့်သုံးစွဲကြရန် လိုအပ်ကြောင်း၊ ယခုဝယ်ယူဖြည့်တင်းပေးလိုက်သည့် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ပတ်သက်ပြီး စစ်သည်တော်ကျင့်ဝတ်ပါ **“မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ”** ဆိုသည့်အတိုင်း လေယာဉ်၊ ရဟတ်ယာဉ်များကို စည်းကမ်းစနစ်ကျနစွာဖြင့် ကိုင်တွယ်ပျံသန်းဆောင်ရွက်ပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်(လေ)၏ သမိုင်းကြောင်းတွင် ပြည်ပကျူးကျော်မှုများ၊ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးများ၌ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ ပြည်သူတို့နှင့်အတူ လက်တွဲပြီး ရှုပ်ရှုပ်ချွံချွံတာဝန်ထမ်းဆောင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တပ်မတော်သမိုင်းသည် နိုင်ငံတော်သမိုင်းနှင့် ခွဲခြား၍ မရကြောင်း၊ တပ်မတော်သည် ပြည်ပသောင်းကျန်းသူ ကျူးကျော်မှုနှင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းနိုင်ရေးအပြင် အမျိုးသားနိုင်ငံရေး တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ရကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသား ပြည်သူအကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးအကြောင်းအရာများဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းသည် နိုင်ငံ့အရေးတာဝန်ထမ်းဆောင်ခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ အမျိုးသားနိုင်ငံရေးနှင့် နိုင်ငံ့အရေးကိစ္စများတွင် မှန်မှန်ကန်ကန် တာဝန်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ် မောင်မောင်ကျော်က လေယာဉ်နှင့် ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က (၆၈)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ် အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်ပြီး ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းအား တပ်တော်ဝင် အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပေးအပ်သည်။

၎င်းနောက် (၆၈)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် လေယာဉ်များသရုပ်ပြ ပျံသန်းအလေးပြုခြင်း ပြုလုပ်ရာ ပထမဦးစွာ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်တစ်စင်းက တပ်မတော်(ကြည်း)အလံကို ချိတ်ဆွဲပြီး ကျန်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်နှစ်စင်းက တပ်မတော်(ရေ၊လေ) အလံများကို အသီးသီးချိတ်ဆွဲ ပျံသန်းကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုကြသည်။

ထို့နောက် လေယာဉ်အမျိုးအစားအလိုက် အချိန်ကိုက်ပျံသန်းအလေးပြုခြင်းကို သရုပ်ပြကြရာ ရဟတ်ယာဉ် သုံးစင်းက အင်္ဂလိပ်အက္ခရာ V ပုံစံ အုပ်ဖွဲ့ပျံသန်းခြင်း၊ Grob အုပ်ဖွဲ့တွင် အမောင်းသင်လေယာဉ် ငါးစင်းက Kite Formation စွန်ပုံသဏ္ဍာန် အုပ်ဖွဲ့ပျံသန်းခြင်း၊ လေယာဉ်အမျိုးအစားမတူညီသော သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းနှင့် အမောင်းသင်လေယာဉ်လေးစင်းတို့က မတူညီကြသည့် လေယာဉ်ငါးစင်း အုပ်ဖွဲ့ပျံသန်းခြင်း၊ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းနှင့် အမောင်းသင် ဂျက်တိုက် လေယာဉ် လေးစင်းတို့က အမျိုးအစား မတူညီကြသည့် လေယာဉ် ငါးစင်းဖြင့် မြားခေါင်းသဏ္ဍာန်ပုံစံ အုပ်ဖွဲ့ပျံသန်းခြင်းတို့ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ပျံသန်းအလေးပြုကြသည်။

ယင်းနောက် လေယာဉ်ကျွမ်းထိုးသရုပ်ပြ အစီအစဉ်အားပြသရာ အမောင်းသင်လေယာဉ်နှစ်စင်း အုပ်ဖွဲ့လျက် ထောင်လျက်ကွေ့ပြခြင်း၊ အင်္ဂလိပ်အက္ခရာ 8 ပုံသဏ္ဍာန် နှစ်စင်းတွဲ ပျံသန်းသရုပ်ပြခြင်း၊ နောက်ပြန်ကျွမ်းထိုး နှစ်စင်းတွဲ သရုပ်ပြခြင်း၊ ဘေးလှိမ့်ကျွမ်းထိုး နှစ်စင်းတွဲ သရုပ်ပြခြင်း၊ ရှေ့တစ်စင်းအား နောက်မှလိုက်၍ ဝိုင်းပတ်ကျွမ်းထိုးခြင်း၊ လေယာဉ်အား တိမ်းစောင်းဒီဂရီ အများဆုံးဖြင့် နှစ်စင်းတွဲ ကွေ့ပြခြင်းနှင့် လေယာဉ်နှစ်စင်းခွဲထွက်ပြီး လေယာဉ်ပြေးလမ်းပေါ်သို့ ပြန်လည်ဆင်းသက်ခြင်းတို့ကို ပျံသန်းသရုပ်ပြကြသည်။

ထို့နောက် (၆၈)နှစ်မြောက် တပ်မတော်(လေ)နေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန ငှက်လွှတ်ခြင်းဆောင်ရွက်ကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ငှက်အကောင်ရေ ၆၈ ကောင်အား ဘေးမဲ့လွှတ်ပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် လေယာဉ်နှင့် ရဟတ်ယာဉ်များအား အမွှေးနံ့သာများ ပက်ဖျန်းပေးကြပြီး **(ဝဲပုံ)** လှည့်လည် ကြည့်ရှုကြသည်။ ယင်းနောက် (၆၈)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများ ပစ်လွှတ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၆၈)နှစ်မြောက် တပ်တော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မောင်းနှင်ပျံသန်းခဲ့သော လေသူရဲများအား ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့တွင် ကျရောက်သော (၆၈) နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အခမ်းအနား၌ အရုဏ်ဆွမ်းကပ်ခြင်းနှင့် စစ်ရေးပြအခမ်းအနားတို့အား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ကြောင်းလည်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း

နေပြည်တော် ဒီဇင်ဘာ ၁၅

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီကကျင်းပပြီး (ယာပုံ) ဥပဒေကြမ်း တစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းသုံးခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။**



အစည်းအဝေးတွင် **၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း**ကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လွှတ်တော်သို့ တင်သွင်းသည်။

ထိုသို့ တင်သွင်းရာတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းသည် အခန်း(၈)ခန်း၊ ပုဒ်မ ၃၉ ခု ပါဝင်ပါကြောင်း၊ ယင်းဥပဒေကြမ်းကို ရေးဆွဲရာတွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို အခြေခံ၍ ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပြီး ရေးဆွဲခဲ့ပါကြောင်း။

ယခု ဥပဒေကြမ်းတွင် အခွန်အမျိုးအစားအသစ်တစ်ခု ဖြည့်စွက်ခြင်း၊ အခွန်အမျိုးအစားတစ်ခု ပယ်ဖျက်ခြင်း၊ ရေခွန်ကိုကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အထူးကုန်စည်များအတွက် ကျသင့်မည့် အခွန်နှုန်းများကို ပြင်ဆင်သတ်မှတ်ခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ဖြည့်စွက်ခြင်း၊ အခွန်အမျိုးအမည်စကားရပ် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ထားပါကြောင်း။

နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝရရှိရေး၊ သင့်တင့်မျှတပြီး ပြည်သူအများ လိုက်နာထမ်းဆောင်နိုင်သော အခွန်နှုန်းထားများဖြစ်စေရေး၊ ပြည်သူများ အခွန်ဆိုင်ရာ အသိပညာ၊ ဗဟုသုတ တိုးပွားပြီး လိုလားစွာ အခွန်ထမ်းဆောင်လာစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ်ဖြစ်ပေါ်လာရေး၊ အခွန်တိမ်းရှောင်မှုများ ပပျောက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အခွန်ဝန်ထမ်းများ၏ စိတ်ထားခံယူချက်၊ လုပ်ဆောင်ချက်များ ပြုပြင်ပြောင်းလဲရေး၊ ဆုပေးဒဏ်ပေးစနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရေး၊ အခွန်ပညာပေးမှု ပိုမိုလုပ်ဆောင်ရေး၊ နိုင်ငံတကာအဆင့်မီ အခွန်စနစ်ဖြစ်ပေါ်လာစေရေးတို့အတွက် တာဝန်ရှိသည့် ဌာနအဖွဲ့အစည်းများက ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြသည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း၏ နောက်ဆက်တွဲဇယား(၁)တွင် ဌာန ၁၁ ခုက ကောက်ခံသော အခွန်အကောက် ၁၉ မျိုးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလလျာထားချက်မှာ စုစုပေါင်း ကျပ် ၆၂၁၈ ဒသမ ၃၂၉ ဘီလီယံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ မူလလျာထားချက်မှာ ကျပ် ၅၉၄၈ ဒသမ ၃၇၅ ဘီလီယံဖြစ်သည့်အတွက် ကျပ် ၂၆၉ ဒသမ ၉၅၄ ဘီလီယံ ပိုမိုကောက်ခံရန် လျာထားသည်။

ထို့အတူ ပြည်တွင်းအခွန်များ ဦးစီးဌာနက တာဝန်ယူကောက်ခံသည့် အခွန်အကောက် လေးမျိုးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မူလလျာထားချက်မှာ ကျပ် ၄၆၆၈ ဒသမ ၀၇၄ ဘီလီယံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ မူလလျာထားချက်မှာ ကျပ် ၄၅၂၂ ဒသမ ၇၁၀ ဘီလီယံဖြစ်သည့်အတွက် ကျပ် ၁၄၅ ဒသမ ၃၆၄ ဘီလီယံ ပိုမိုကောက်ခံရန် လျာထားသည်။

ထို့ပြင် လျာထားချက်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရန် ဆိုင်းငံ့ထားခဲ့သော တယ်လီဖုန်း ပြောဆိုခ၊ ကြိုတင်ငွေဖြည့်ကတ် အပေါ်ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကောက်ခံရန် ကျပ် ၈၀ ဘီလီယံခန့် လျာထားချက်တွင် ပါဝင်ကြောင်း သိရသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းများအတည်ပြု

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁၁ နာရီခွဲက ကျင်းပရာ **နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာ**နှင့် ဥပဒေကြမ်းသုံးခု တို့ကို ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် **နိုင်ငံတကာဆက်ဆံရေးကော်မတီ၏အစီရင်ခံစာ**ကို ကော်မတီအဖွဲ့ဝင် မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်က ဖတ်ကြားတင်ပြရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်း**၏ ပြင်ဆင်ချက်များ အနက် (၁၈)ချက်ကို ပြည်သူ့လွှတ်တော်က သဘောတူအတည်ပြုသည်။



မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်

ထို့ပြင် **ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၂၆) ချက်ကို ပြည်သူ့လွှတ်တော်က သဘောမတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ၁၃ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား အင်ဒိုနီးရှားနိုင်ငံ ဒေသဆိုင်ရာ ကိုယ်စားပြုကောင်စီ အဖွဲ့ဝင် Andi Muhammad iqbal Parewangi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီက အမျိုးသားလွှတ်တော်ရေးရာဆောင် (I-20)၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွား မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ အတွင်းရေးမှူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# လွှတ်တော်ရေးရာကိစ္စရပ်များနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်စား ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးသည် အင်ဒိုနီးရှား အထက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီဥက္ကဋ္ဌ Mr. Muhammad iqbal Parewangi ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာလွှတ်တော်များ၏ ဆောင်ရွက်ချက်များ၊ လွှတ်တော်ရေးရာကိစ္စရပ်များနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ကော်မတီအတွင်းရေးမှူးများ ဖြစ်ကြသော ဦးမောင်တိုး၊ ဒေါက်တာစိုးရင်၊ ဦးတင်မောင်ဦး၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ရွှေ၊ ဦးစိုင်းကျော်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးညီညီထွန်း၊ ဦးခင်မောင်စိုး၊ ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ဖြည့်စွက်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ၂၀၁၅ ရွေးကောက်ပွဲ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှု သီးခြားအချပ်ပိုတွင် ဖော်ပြပါရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှုအခြေအနေ (၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ)ခေါင်းစဉ်ပါရှိသည့် စာမျက်နှာ ၅ တွင် ကွန်ပျူတာ Font error ဖြစ်ပြီး စာလုံးများ မှားယွင်းသွားသောကြောင့် ရန်ကုန်တိုင်းဒေသကြီး အမှတ်စဉ်-၁၃၈၊ မဲဆန္ဒနယ် အမှတ်(၆)တွင် ဖက်ဒရယ်ပြည်ထောင်စုပါတီမှ ဦးသန့်ဇော်ဟုလည်းကောင်း၊ အမှတ်စဉ်-၁၄၄၊ မဲဆန္ဒနယ် အမှတ်(၁၂)တွင် အမျိုးသားတိုးတက်ရေးပါတီမှ ဦးညွှန့်လှိုင် ဟုလည်းကောင်း ဖြည့်စွက်ဖတ်ရှုပါရန်။ **(စာတည်း)**

# (၆၁)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ရန်ကုန်ရခိုင်ဓမ္မာရုံ၌ဆင်နွှဲ




**ရန်ကုန် ဒီဇင်ဘာ ၁၅**

၂၀၁၅ ခုနှစ် (၆၁) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး ရခိုင်ဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

"ရခိုင်ပြည်နယ်နေ့က ရခိုင်တိုင်းရင်းသားတွေအတွက် အင်မတန်မှ တန်ဖိုးရှိတဲ့ နေ့တစ်နေ့ပါ။ ရန်ကုန်မှာ ရခိုင်တိုင်းရင်းသား သုံးသိန်းလောက်ရှိတယ်။ ရန်ကုန်မှာရှိတဲ့ ရခိုင်တွေ ရခိုင်ပြည်နယ်နေ့ကို ကျင်းပခြင်းအားဖြင့် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်တယ်။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေတိုးပွားတယ်" ဟု တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

ရခိုင်ပြည်နယ်ကို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်အဆင့်သို့ သတ်မှတ်ခဲ့ပြီး ပထမအကြိမ် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးအတွက် ဆန္ဒခံယူပွဲ စတင်ကျင်းပသည့် ဒီဇင်ဘာ ၁၅ ရက်ကိုလည်း ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

ရန်ကုန်မြို့တွင် ရခိုင်ပြည်နယ်နေ့ကို ၁၉၇၅ ၊၁၉၇၆ နှင့် ၁၉၈၀ ခုနှစ်များတွင် ကျင်းပခဲ့ပြီး ယခု အစိုးရ လက်ထက်ကာလ ၂၀၁၀ နောက်ပိုင်းမှစ၍ သုံးကြိမ်မြောက် ပြန်လည်ကျင်းပလာခြင်းဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ရခိုင်ပြည် ဖွံ့ဖြိုးတိုးတက်လာမှုနှင့် စပ်လျဉ်းပြီး ဦးဇော်အေးမောင်က "ရခိုင်ပြည်နယ်က အများကြီး ဖွံ့ဖြိုးတိုးတက်လာတယ်။ လျှပ်စစ်မီးတွေလည်း နေရာအတော်များများမှာ ရနေပြီ။ အရင်တုန်းက လျှပ်စစ်တစ်ယူနစ်ကို ငွေကျပ် ၆၀၀ ကျော်ပေးရတယ်။ အခုတစ်ယူနစ်ကို ၃၅ ကျပ်ဖြစ်သွားတယ်။ ဒါတိုးတက်မှုပေါ့။ ရန်ကုန်-စစ်တွေလမ်းလည်း ပြီးသွားပြီ။ ရထားလမ်းတွေလည်း လုပ်နေတယ်။ ဘတ်ဂျက်တွေလည်း တော်တော်ချပေးတယ်။ အရင်က ထက်စာရင် တော်တော်များများ ဖွံ့ဖြိုးတိုးတက်လာပါတယ်"ဟု သုံးသပ်ပြောကြားသည်။

ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရန်ကုန်မြို့ သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာ၌ ရခိုင်ရိုးရာ ကစားနည်းဖြစ်သည့် ကျင်ပြိုင်ပွဲများ၊ ခေတ်လေးခေတ် ဝတ်စားဆင်ယင်မှုပြိုင်ပွဲများ၊ ရခိုင်ရိုးရာယဉ်ကျေးမှုအကများဖြင့်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရန်ကုန်မြို့တွင် ကျင်းပသည့် ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး စီမံဆောင်ရွက်ရာတွင် လိုအပ်သော အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များကို ဒေသခံများ၏ ဆန္ဒသဘောထားများကို အလေးထားလျက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်နှင့် အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်းများကို ဦးစားပေးထူထောင်ပေးရန် တိုက်တွန်းကြောင်း အဆိုတို့ကို တင်သွင်းထောက်ခံမှုများ ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ရခိုင်တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ရန်ကုန်ရောက် ရခိုင်တိုင်းရင်းသားများ တက်ရောက်ကြသည်။

**သတင်း - မင်းသစ်**
**ဓာတ်ပုံ - ကောင်းမြတ်နိုင်**

## ဗဟိုသာသနာနုဂ္ဂဟအသင်းက အလှူငွေများပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ကမ္ဘာ့ငြိမ်းချမ်းရေးဆု ချီးမြှင့်ရေးကော်မတီက ရွေးချယ်ချီးမြှင့်သော ၂၀၁၅ ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးဆုကို မြန်မာနိုင်ငံမှ နိုင်ငံတော်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဒေါက်တာကုမာရာဘိဝံသနှင့် ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာဦးခင်ရွှေတို့ ရရှိသဖြင့် ဆုဆက်ကပ်ချီးမြှင့်ရေး အခမ်းအနားတွင် ဒေဝါဝင်း၊ ရာဇာဝင်းခင်းကျင်းရာတွင် ပါဝင်ကူညီ လုပ်အားပေးလှူခဲ့ကြသော ဗဟန်းမြို့နယ် အထက(၁)နှင့် အထက(၃)မှ ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက အထက(၁) ဗဟန်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း ဗဟိုဥက္ကဋ္ဌက ချီးမြှင့်လှူဒါန်းသော ဂုဏ်ပြုလက်မှတ်များနှင့် အလှူငွေများကို ဗဟိုသာသနာနုဂ္ဂဟ အသင်းဌာနကြီးမှူး ဦးခင်မောင်ရင်က ဗဟန်းမြို့နယ် ပညာရေးမှူးဒေါ်မေယဉ်ခွဲ့သို့ ပေးအပ်ခဲ့သည်။ **သန္တာမေ(ပြန်/ဆက်)**

# အလုပ်ဆင်းပြီး လုပ်ခလစာမရသော ထိပ်တန်းမြန်မာအထည်ချုပ်စက်ရုံအလုပ်သမားများ အဆောင်ခနှင့် ထမင်းလခအတွက်အခက်တွေ့

**ရန်ကုန် ဒီဇင်ဘာ ၁၅**

လှိုင်သာယာ စက်မှုဇုန်တွင် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုပြဿနာများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ စက်မှုဇုန်(၄)၊ ဆိပ်ကမ်းသာလမ်းရှိ မြန်မာလုပ်ငန်းရှင်တစ်ဦး ပိုင်ဆိုင်သော ထိပ်တန်းမြန်မာ အထည်ချုပ်စက်ရုံမှ အလုပ်သမား ၃၀၀ ကျော်မှာ အချိန်ပြည့်အလုပ်ဆင်းသော်လည်း လုပ်ခလစာအပြည့် မရှင်းခြင်းနှင့် နိုဝင်ဘာလအတွက်လစာ မရှင်းနိုင်ခြင်းတို့ကြောင့် အလုပ်သမားများ အခက်အခဲရင်ဆိုင်နေရပြီး အထူးသဖြင့် မပေးလျှင်မရသော အဆောင်ခနှင့် ထမင်းစရိတ်တို့အတွက် အခက်အခဲများစွာ ရင်ဆိုင်နေရလျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်း၌ စက်ရုံမန်နေဂျာနှင့် အလုပ်သမားကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

"လကုန်ပြီး ၅ ရက်နေ့ဆိုရင် လစာထုတ်ပေးရမှာ။ ၁၀ လပိုင်းလစာကိုလည်း အပြည့်မရှင်းဘူး။ ရက် ၂၀ စာပဲရှင်းတယ်။ နယ်ကလာလုပ်တဲ့ အလုပ်သမားက များတယ်။ ရန်ကုန်မှာ အကုန်ဝယ်သုံးရတာ။ ကန်ဇွန်းရွက်၊ ချဉ်ပေါင်ရွက်ကအစ ဈေးတက်တယ်။ မီးသွေးတစ်ပိဿာ ငွေကျပ် ၅၀၀၊ သောက်ရေတစ်ပုံးကို ငွေကျပ် ၂၀၀ ဝယ်သုံးနေရတာ။ ရွာမှာလို သောက်ရေကိုမြစ်ထဲဆင်းခပ်၊ ထင်းကို တောထဲခုတ်လို့ မရဘူး။ လကုန်ရင် အဆောင်ခနဲ့ ထမင်းစရိတ်က တောင်းပန်လို့မရဘူး။ အဆောင်နေတဲ့သူတွေ ဒီလအတွက် နားကပ်၊ လက်စွပ်ရောင်းပြီး ပေးရတယ်။ နယ်ကမိဘကို ပြန်ပို့ဖို့နေနေသာသာ တစ်ယောက်တည်းကို မနည်းရပ်တည်နေရတယ်"ဟု မကွေးတိုင်းဒေသကြီး သရက်မြို့ မင်းချောင်းရွာမှ လာရောက်အလုပ်လုပ်ကိုင်သော မသိန်းဦးက ပြောကြားသည်။

ဒီဇင်ဘာ ၁၄ ရက်တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း ထိပ်တန်းမြန်မာ အထည်ချုပ်စက်ရုံသာမက MYANMAR YORK စက်ရုံအလုပ်သမားများလည်း စက်ရုံမန်နေဂျာနှင့် ပြဿနာများကို ဖြေရှင်းလျက်ရှိသည်။ ထိပ်တန်း မြန်မာ စက်ရုံအပြင်ဘက်တွင် အလုပ်သမား ၂၀၀ ခန့် ဒီဇင်ဘာ ၇ ရက်မှစ၍ ဆန္ဒထုတ်ဖော်လျက်ရှိပြီး စက်ရုံတွင်းမှ အလုပ်သမား ၁၀၀ ကျော်က ဒီဇင်ဘာ ၁၄ ရက်တွင် စက်ရုံမန်မေဂျာ ဦးအောင်မျိုးနှင့် ညှိနှိုင်းရာမှ ၁၅ ရက်စာလစာပေးမှုကို လက်ရှိစားဝတ်နေရေး အခြေအနေအရလက်ခံခဲ့၍ ဒီဇင်ဘာ ၁၅ ရက်တွင် နဝဒေးရှော့ပေါက်တန်းရှိ အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေးရုံး၌ အလုပ်သမား ၁၅၃ ဦးအား လက်မှတ်ထိုး၍ လစာများထုတ်ပေးလိုက်ကြောင်း သိရသည်။

"ကိုးလပိုင်းလစာကို ရှင်းပေးပေမယ့် အပြည့်အဝမပေးလို့ အဆင်မပြေခဲ့ဘူး။ ၁၀ လပိုင်းလစာကိုလည်း ရက် ၂၀ စာပဲ ရှင်းပေးတယ်။ ၁၁ လပိုင်းလစာကျတော့ လုံးဝကို မရှင်းပေးတော့ဘူး။ စက်ရုံနောက်တစ်ရုံ အသစ်ဖွင့်ပြီး အလုပ်သမားတွေကို လစာမရှင်းပေးတာတော့ လုံးဝမဖြစ်သင့်ပါဘူး။ လိုင်းခုနစ်လိုင်းမှာ အကျီလိုင်းက နှစ်လိုင်း၊ တစ်လိုင်းကို လူ ၆၀ ကျော်နဲ့ ဘောင်းဘီလိုင်းက ငါးလိုင်း၊ တစ်လိုင်းကို လူ ၂၀ ကျော်ရှိတယ်။ အကျီချုပ်တဲ့လိုင်းကို တစ်ရက်ခနဲ့၊ ဘောင်းဘီချုပ်တဲ့လိုင်းကို ၁၅ ရက်စာပဲရှင်းမယ်ဆိုတော့ လုပ်ခအပြည့်မရှင်းတဲ့အတွက် ဘယ်သူမှလစာကို လက်မခံကြဘူး။ တစ်လစာအပြည့်လိုချင်တယ်။ အဆောင်ခနဲ့ ထမင်းဖိုးကို လဝက်စာပဲပေးပါရစေဆိုရင် ကျွန်မတို့ အရိုက်ခံရလိမ့်မယ်"ဟု ရေကြည်ရွာ၌ အဆောင်ငှားနေသော စက်ချုပ်အော်ပရေတာ မသင်းမြတ်က ပြောသည်။

အဆိုပါစက်ရုံ၌ လစာအပြည့်လက်ခံသောအဖွဲ့နှင့် ၁၅ရက်စာလစာလက်ခံသော အဖွဲ့ဟူ၍ နှစ်ဖွဲ့ရှိနေပြီး စက်ရုံမှ မှားယွင်းမှုများရှိသကဲ့သို့ အလုပ်သမားများ၏ လိုအပ်ချက်လည်း ရှိနေကြောင်း၊ စက်ရုံတွင် အော်တိုစက်မှ ရိုးရိုးစက်အစားထိုးခဲ့သည့်အတွက် ထုတ်လုပ်မှုပိုင်းဆိုင်ရာ အခက်အခဲများ ရှိခဲ့ပြီး လစာအပြည့်မပေးခြင်းဖြစ်နိုင်ကြောင်း၊ ၁၁ လပိုင်း လစာ ၁၅ ရက်စာသာပေးရန် သဘောတူထားပြီး ကျန်သောလစာအတွက် စက်ရုံနှင့် ဆက်လက်ညှိနှိုင်းသွားမည် ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၇ ရက်မှစ၍ အလုပ်သမား ၂၀၀ ခန့် စက်ရုံအပြင်တွင် ဆန္ဒထုတ်ဖော်လျက် ၁၁ လပိုင်းလစာ အပြည့်ရမှသာ လုပ်ငန်းခွင်ဝင်ရောက်မည့် အဖွဲ့လည်းရှိနေကြောင်း အလုပ်သမားကိုယ်စားလှယ် မသဇင်အောင်က ပြောသည်။ **သန်းထိုက်(လှိုင်သာယာ)**



မြို့နယ်ထွေ/အုပ်ရုံးတွင် လာရောက်ညှိနှိုင်းဖြေရှင်းသည့် ထိပ်တန်းမြန်မာအလုပ်သမားများကို တွေ့ရစဉ်။

● *ကျောဖုံးမှ*

ယာဉ်များ ဖြတ်သန်းသွားလာမှု လွယ်ကူစေရေးအတွက် ဘေလီသံပေါင်တံတား နှစ်လမ်းသွား (အသွား၊အပြန်)အား ယာယီလမ်းလွှဲတံတားအဖြစ် ဆောင်ရွက်ပေးထားသည်။ နဂိုမူလတံတား၏ ချဉ်းကပ်လမ်းတံတား နှစ်ဖက်အပါအဝင် ပင်မအရှည်မှာ မီတာ ၇၂၀ ရှိပြီး တံတားအကျယ်မှာပေ ၄၀ ရှိကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ရှိကြောင်း သိရသည်။

လူသွားလမ်း ပလက်ဖောင်းအကျယ်တစ်ဖက်လျှင် ၆ ပေစီရှိပြီး ယာဉ်သွားလမ်း နှစ်လမ်းသွားအကျယ်မှာ ၂၈ ပေရှိသည်။ စီမံကိန်းဆောင်ရွက်နေခိုက် ယာဉ်များဖြတ်သန်းသွားလာမှု လွယ်ကူစေရေးအတွက် ဆောင်ရွက်ပေးထားသည့် ဘေလီသံပေါင်တံတား နှစ်လမ်းသွား (အသွား၊အပြန်) အရှည်မှာပေ ၈၈၀ ရှိပြီး ဘေလီသံပေါင်တံတား၏ ခံနိုင်ဝန်မှာ ၂၇ တန်ရှိကြောင်း သိရသည်။

ယခုအခါ ခွင့်ပြုရန်ပုံငွေ ငွေကျပ်သန်းပေါင်း ၃၅၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် အကျယ် ပေ ၁၂၀ ရှိ အခန်းနှစ်ခန်း တိုးချဲ့တည်ဆောက်ရန်အတွက် ဘိုးပိုင်အုတ်မြစ် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။ မအူပင်ဘက်ကမ်း၌ရှိသော ချဉ်းကပ်လမ်းအား လမ်းအထူးအဖွဲ့(၂၁)မှ ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိ ခန်းဖွင့်နှစ်ခန်း တိုးချဲ့တည်ဆောက်နေသည့် စီမံကိန်းလုပ်ငန်းအတွင်း လုပ်ငန်းဝင်အင်ဂျင်နီယာ သုံးဦးရှိပြီး လုပ်သားအင်အားမှာ ၆၀ နှင့် ၁၀၀ ကြား နေ့၊ည အသုံးပြုဆောင်ရွက်နေကြောင်း သိရသည်။

ယာဉ်များဖြတ်သန်းသွားလာမှု လွယ်ကူစေရေးအတွက် ဆောင်ရွက်ပေးထားသော ယာယီဘေလီသံပေါင်တံတား နှစ်လမ်းသွား(အသွား၊အပြန်)အား ပြီးခဲ့သည့် နိုဝင်ဘာလဆန်းက ယာယီတံတားထိုးပေးခဲ့ခြင်းဖြစ်ပြီး ရန်ကုန်-မအူပင်လမ်းပေါ်ရှိ အဆိုပါမအူပင်တံတား(မအူပင်ဘက်ကမ်း) အကြီးစား စတင်ပြင်ဆင်ဆောင်ရွက်ခြင်း စီမံကိန်းကို ပြီးခဲ့သည့် ဇူလိုင်လကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိ စီမံကိန်းလုပ်ငန်းခွင် ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်းနှင့် လာမည့် ၂၀၁၆ ခုနှစ် မတ်လကုန်၌ ဆောင်ရွက်ပြီးစီးရန် လျာထားကြောင်း သိရသည်။

◆ ရှေ့ဖုံးမှ

သူတို့ကဲ့သို့ပင် အငြိမ်းစား အရာရှိကြီးများ၊ တာဝန်ထမ်းဆောင်ဆဲ အရာရှိကြီးများနှင့် လုပ်အားပေး ဆောင်ရွက်ခဲ့ကြသူများအတွက် ၁၉၆၄ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်က အခန်းအကျယ် စတုရန်းပေ ၁၇၆၀ ရှိ နှစ်ခန်းတွဲ လေးထပ်တိုက်သုံးလုံးနှင့် ၅၈၄ စတုရန်းပေရှိ လေးခန်းတွဲ လေးထပ်တိုက် တစ်လုံးတို့ကို တည်ဆောက်ကာ အခန်းပေါင်း ၄၀တွင် အငှားချဝန်ထမ်းအိမ်ရာအဖြစ် ဖော်ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

နှစ်ပေါင်း ၅၀ ခန့် သက်တမ်းရှိသည့် အဆိုပါအဆောက်အအုံများသည် အထပ်အားဖြင့် နည်းပါးပြီး အခန်းအရေအတွက်မှာလည်း ၄၀ သာရှိသဖြင့် အဆိုပါမြေကွက်၏ အကျယ်အဝန်း ၂ ဒသမ ၂၉၄ ဧကပေါ်တွင် လူနေမှုမှာ မျက်မှောက်ကာလ လူနေထူထပ်မှုနှင့် နှိုင်းယှဉ်ပါက နည်းပါးသည့် လူနေထိုင်မှုဖြစ်နေသည့်အလျောက် ယခုအစိုးရလက်ထက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ရွှေဂုံအိမ်ရာဖွံ့ဖြိုးရေးစီမံကိန်း ကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

"ကျွန်တော်တို့နေခဲ့တာ နှစ်ပေါင်း ၅၀ ရှိပါပြီ။ ပြောင်းရမယ်လို့ သိတဲ့အချိန်မှာ အများကြီးစိုးရိမ်မိပါတယ်။ ပြောင်းရွှေ့နေစဉ် အိမ်ငှားဖို့ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီတွေက စီစဉ်ပေးပါတယ်။ အခန်းတွေကို ဒီလကုန်မှာအပ်မယ်လို့ သိရပါတယ်။ ဘယ်အခန်းကို ပြန်ရမလဲဆိုတာ အိုးအိမ်ကနေ မဲစနစ်နဲ့ချထားပေးမှာဖြစ်ပါတယ်" ဟု ရွှေဂုံအိမ်ရာတွင် အခန်းပြန်လည်ရရှိမည့်သူတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ် မတ်လတွင် မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် ကုမ္ပဏီအဖွဲ့အစည်းများကို တင်ဒါခေါ်ယူခဲ့ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ ဖြစ်သည့် မြန်မာစေတနာကုမ္ပဏီနှင့် ထိုက်စင်ကုမ္ပဏီတို့က တင်ဒါအောင်မြင်ခဲ့ရာ ယင်းနှစ် အောက်တိုဘာလအတွင်း စာချုပ်ချုပ်ဆိုခဲ့ပြီး နိုဝင်ဘာလ ၁ ရက်က လုပ်ငန်းစတင်ခဲ့ကြောင်း သိရသည်။

ရွှေဂုံအိမ်ရာ ပြန်လည်စည်ပင်ရေးစီမံကိန်းလုပ်ငန်း သဘောတူညီစာချုပ်အရ လုပ်ငန်းဆောင်ရွက်ခြင်းကို နှစ်နှစ်သတ်မှတ်ပေးထားပြီး ၂၀၁၅ ဒီဇင်ဘာ ၃၀ ရက်တွင် မူလနေထိုင်သူများအား ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း သဘောတူညီခဲ့သည်။

အသစ်ပြန်လည်တည်ဆောက်သည့် အိမ်ရာစီမံကိန်းတွင် ရှစ်ခန်းတွဲ ခြောက်ထပ် ကားပါကင်အပါအဆောက်အအုံတစ်လုံး၊ ရှစ်ခန်းတွဲ ခြောက်ထပ် နှစ်လုံးနှင့် ကိုယ်ကာယလေ့ကျင့်ခန်းမနှင့် ရေကူးကန်တို့ ပါဝင်သည့် အဆောက်အအုံတစ်လုံးတို့ကိုထည့်သွင်းထားပြီး လူနေအိမ်ခန်းပေါင်း ၁၂၀ ခန့်ကို တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီနှစ်ခုက ဆောင်ရွက်ခဲ့ရာ ယခုအခါ မူလနေထိုင်သူများအတွက် တည်ဆောက်ပေးသည့် အဆောက်အအုံများ ရာနှုန်းပြည့် ပြီးစီးလျက်ရှိကြောင်း ဦးစီးဌာနမှ သိရှိရသည်။

ရွှေဂုံ(လင့်လမ်း) အိမ်ရာစီမံကိန်းအတွက် နိုင်ငံတော်မှ မြေပိုင်ရှင်အဖြစ် မြေတန်ဖိုးကို ရင်းနှီးမြှုပ်နှံထားရပြီး အနီးစပ်ဆုံး ကာလပေါက်ဈေးနှင့် နှိုင်းယှဉ်တွက်ချက်ကြည့်မည်ဆိုပါက တစ်စတုရန်းပေလျှင် ငွေကျပ်တစ်သိန်းခွဲဖြင့် စုစုပေါင်းငွေကျပ်သိန်း ၁၁၆၉၄၉ ဒသမ ၆၆သိန်း ရင်းနှီးမြှုပ်နှံထားသည်ကို တွေ့ရှိရသည်။ လုပ်ငန်းလက်ခံသူကုမ္ပဏီနှစ်ခုမှ အဆောက်အအုံနှင့် infrastructure လုပ်ငန်းများ ဆောက်လုပ်ကုန်ကျစရိတ်တန်ဖိုးငွေကျပ် သိန်း ၁၃၀၀၀၀ ဒသမ ၀၀ ဖြစ်ကြောင်း သိရသဖြင့် နိုင်ငံတော်နှင့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုအချိုးမှာ ၅၃ ရာခိုင်နှုန်းနှင့် ၄၇ ရာခိုင်နှုန်း ဖြစ်သည်။

အကျိုးအမြတ် ခွဲဝေသတ်မှတ်ရာတွင်မူ နိုင်ငံတော်က ၅၁ ရာခိုင်နှုန်းနှင့် လုပ်ငန်းရှင်များဘက်မှ ၄၉ ရာခိုင်နှုန်း ခွဲဝေထားကြောင်း မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရှိရသည်။

"မူလအိမ်ရာက အခန်းတွေရဲ့ အကျယ်အဝန်းတွေ မတူကြပါဘူး။ ဒါပေမယ့် အိုးအိမ်ကနေ အခန်းနေထိုင်သူတွေကို ခေါ်ညှိပေးပြီးတော့ စတုရန်းပေ ၁၄၀၀ အခန်းတွေကို အညီအမျှ မဲနှိုက်ပေးထားတာ ဖြစ်ပါတယ်။ အခန်းက ၄၀ ရှိပါတယ်။ အခုပြန်ဆောက်တာက ဝန်ထမ်းဟောင်းတွေပြန်ပေးဖို့အတွက် ဘလောက်ခ်အေဆိုပြီး အခန်း ၂၀ ပါ နှစ်လုံးကို ကုမ္ပဏီနှစ်ခုက တစ်လုံးစီဆောက်ကြရပါတယ်။ ပြီးတော့ ကျွန်တော်တို့ ကုမ္ပဏီဘက်က ဘလောက်ခ်ဘီပါ။ အခန်း ၄၀ ရှိပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီက အခန်း ၂၀ ရရှိပြီး အိုးအိမ်ကို အခန်း ၂၀ ပြန်ပေးရမှာပါ။ ထိုက်စင်ကလည်း ဘလောက်ခ်စီကို တည်ဆောက်ရပြီး သူလည်း အဲဒီအတိုင်း အိုးအိမ်နဲ့ ပြန်ခွဲဝေရပါတယ်။ တိုက်ဘီနဲ့စီက ကွန်ဒိုတွေဖြစ်ပြီး မူလပိုင်ရှင်တွေအတွက် ပြန်ပေးတာကတော့ အဆင့်မြင့်တိုက်ခန်းတွေပဲ ဖြစ်ပါတယ်။ တိုက် ဘီနဲ့ စီတွေဟာ မျက်နှာစာအနေနဲ့ဖြစ်သွားပြီး တိုက်အေကတော့ ဓမ္မစေတီလမ်းဘက်က ဝင်ရောက်ရမှာဖြစ်ပါတယ်" ဟု တင်ဒါအောင်မြင်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာစေတနာ ကုမ္ပဏီလီမိတက်မှ အဆိုပါစီမံကိန်း၏ မန်နေဂျာ ဦးစိုးသိန်းက ပြောကြားသည်။

ယခုလကုန်တွင် မူလအခန်း၌ နေထိုင်သူ မိသားစု ၄၀ အတွက် အိမ်ခန်းများအားလုံး ပေးအပ်နိုင်ရန် အဆင်သင့်ဖြစ်နေပြီး အခန်းတစ်ခန်းစီတွင် မိသားစုအိပ်ခန်းတစ်ခန်းနှင့် ရိုးရိုးအိပ်ခန်း နှစ်ခန်းစီ၊ ထမင်းစားခန်း၊ ဧည့်ခန်း၊ မီးဖိုခန်းများပါဝင်မည်ဖြစ်ကာ ရေ၊ မီးနှင့် ဓာတ်လှေကားများ၊ မီးသတ်စနစ်များကိုလည်း တပ်ဆင်မှုပြီးစီးသလောက် ရှိနေပြီဖြစ်ကာ ကားပါကင်လည်း ပါဝင်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၃၀ ရက်မှာ ကျွန်တော်တို့တွေက အခန်းတွေကို မူလစာချုပ်ပါအတိုင်း အိုးအိမ်ထံ ပြန်လည်အပ်နှံမှာဖြစ်ပါတယ်။ ဒီလကုန်မှာ ဖွင့်ပွဲလုပ်မှာပါ။ ဒါ့အပြင် အိမ်ရာအတွင်းက လမ်းတွေကိုလည်း အဆင့်မြင့် တည်ဆောက်ထားပါတယ်။ လုပ်ငန်းစတင်တာက ၂၀၁၄ မေလကမှ ဘိုးပိုင်တွေစတူးခဲ့တာ ဖြစ်ပါတယ်။ စုစုပေါင်းတည်ဆောက်မှုကာလက တစ်နှစ်ခွဲလောက်ကြာမြင့်ခဲ့ပါတယ်။ အဲဒီတစ်လျှောက်မှာ မူလအခန်းနေထိုင်သူတွေအတွက် အိမ်ခေတ္တငှားနေထိုင်ဖို့ တစ်လကို ငွေကျပ် သုံးသိန်းနှုန်းနဲ့ ယခု ဒီဇင်ဘာလအထိ ထုတ်ပေးထားပါတယ်။ အိုးအိမ်ကနေတစ်ဆင့် အခန်းနေထိုင်သူတွေကို မဲစနစ်နဲ့ အခန်းတွေ ပြန်လည်ပေးအပ်သွားမယ်လို့ သိရတယ်" ဟု ဦးစိုးသိန်းက ပြောကြားသည်။




ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံ(လင့်လမ်း)အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းအဆောက်အအုံများ ပုံစံငယ်ကို တွေ့ရစဉ်။

ရွှေဂုံ(လင့်လမ်း) အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းသည် ခေတ်စနစ်နှင့် မလျော်ညီတော့သည့် အိမ်ခန်း ၄၀ သာရှိသည့် အဆောက်အအုံများ နေရာတွင် အဆင့်မြင့်ခေတ်မီခမ်းနားသည့် မြို့အင်္ဂါရပ်နှင့်အညီ အိမ်ခန်း ၁၂၀ နှင့် ဈေးဆိုင်ခန်းများ၊ ရုံးခန်းများ၊ ကားပါကင်များနှင့် အပန်းဖြေနေရာများပါဝင်သည့် အဆောက်အအုံများကို အစားထိုးတည်ဆောက်ထားခြင်း ဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ကာလ ၁၉၉၅ ခုနှစ်ကတည်းက ရွှေဂုံအိမ်ရာရှေ့ အုတ်လမ်းကားမှတ်တိုင်တွင် ဈေးရောင်းချသူ ဒေါ်ခင်ခင်ကတော့ တစ်နှစ်ခွဲအတွင်း မှိုပွင့်ကြီးများသဖွယ် အပြိုင်အဆိုင်ထွက်ပေါ်လာသည့် အထပ်မြင့်အဆောက်အအုံကြီးများကို မော့ကြည့်ကာ "ဒီဝင်းထဲက အရာရှိကြီးတစ်ယောက်ရဲ့အကူအညီနဲ့ ဒီမှာ ဈေးရောင်းလာခဲ့တာ နှစ် ၂၀ရှိခဲ့ပြီ။ ကျွန်မကတော့ သစ်ရိပ်ဝါးရိပ်နဲ့ အေးချမ်းတဲ့ အရင်အိမ်ရာကြီးကို လွမ်းမိပါတယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာမြင်တွေ့ခဲ့ပြီး ဆွေမျိုးလိုဖြစ်နေတဲ့ အိမ်ရာကမိသားစုတွေ တိုက်သစ်ကြီးတွေပေါ် ရောက်သွားကြတော့မှာမို့ မုဒိတာပွားမိပါတယ်။ ကျွန်မတို့လို လက်လုပ်လက်စား မိသားစုတွေအဖို့ကတော့ အိမ်ရာပိုင်ဆိုင်ဖို့ဆိုတာ ဒီတစ်သက်မှာ မလွယ်ကူတော့ပါဘူး။ အိမ်ရာ တည်ဆောက်မှု ပြီးသွားရင်တော့ ဆက်ရောင်းခွင့်ရမလားဆိုတာ မသိနိုင်သေးဘူး" ဟု အတိတ်ကို သတိရရင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ဝန်ထမ်းများအတွက် ကွမ်းယာထုပ်လျက်က ရင်ဖွင့်သည်။

များပြားပြီး လူဦးရေသိပ်သည်းဆမြင့်မားလျက်ရှိသည့် ရန်ကုန်မြို့၏ အခက်အခဲကို Densification နည်းဖြင့် ဖြည့်ဆည်းကာ နေရာကောင်းမြေများကို အကျိုးရှိစွာ အသုံးချနိုင်သကဲ့သို့ နိုင်ငံတော်၏ အိမ်ရာလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးရာရောက်ကြောင်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ပြောကြားသည်။

"ကုမ္ပဏီတွေက သူတို့ခွဲဝေရရှိတဲ့ အခန်းတွေကို စတင်ရောင်းချနေပါပြီ။ အမှန်တော့ ရွှေဂုံအိမ်ရာက နေရာအချက်အချာကျပြီး လုပ်ငန်းရှင်တိုင်း နိုင်ငံတော်နဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်လိုကြတာပါ။ မကြာခင် ခေတ်မီကွန်ဒိုတိုက်ခန်းတွေ ထွက်ပေါ်လာတော့မှာမို့ ဈေးနှုန်းအဆမတန်မြင့်တက်နေတဲ့ ရန်ကုန်အိမ်ခြံမြေဈေးကွက်အတွက် ဈေးနှုန်းထိန်းချုပ်မှုကို အထိုက်အလျောက် ကုစားနိုင်ဖို့ မျှော်လင့်ပါတယ်။ အိုး၊ အိမ်ကနေ ခွဲဝေရရှိတဲ့ အဆင့်မြင့်ကွန်ဒိုတိုက်ခန်း ၄၀ ကိုရော ဘယ်လိုစနစ်နဲ့ ရောင်းချပေးမယ်ဆိုတာကို လုပ်ငန်းရှင်တွေက သိချင်နေကြပါတယ်။ အဆင့်မြင့်အိမ်ရာတွေအပြင် လူတိုင်းဝယ်ယူဖို့ လက်တစ်ကမ်းအနေအထားရှိမယ့် တန်ဖိုး အမှန်တကယ်နည်းပါးတဲ့ အိမ်ရာသစ်တွေလည်း ရန်ကုန်မြို့မှာ အများကြီးလိုအပ်နေပါတယ်" ဟု အိမ်ခြံမြေအကျိုးဆောင် ဦးခွန်နောင်က ပြောကြားသည်။

ဆောင်းနှင်းလယ်ခင်း နေရောင်က ဆောက်လက်စတိုက်သစ်ကြီးများထံ ကျရောက်သဖြင့် တိုက်ဖြူကြီးများက တလက်လက် တောက်ပနေသယောင်။ မည်သို့ပင်ဆိုစေ အရာအားလုံးမတည်မြဲသည့် သဘောဖြင့် တစ်ချိန်က အစိုးရအရာထမ်းများ နေထိုင်ခဲ့ရာ အဝါရောင်တိုက်များကတော့ သမိုင်းမှတ်တမ်းတွင် ကျန်ရစ်ခဲ့ပြီ။ **(မြန်မာ့အလင်း)**



ရွှေဂုံ(လင့်လမ်း)အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းအဆောက်အအုံများ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို တွေ့ရစဉ်။

# နဝဒေးတံတားပေါ်မှ ပြည်တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူတစ်ဦး ခုန်ချသေဆုံး

**ပြည် ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝဒေးတံတားပေါ်မှ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီ ၄၇ မိနစ်ခန့်က ပြည်တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူတစ်ဦး ခုန်ချ၍သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်တက္ကသိုလ်မှ မ---- (၂၂ နှစ်) ရုက္ခဗေဒဂုဏ်ထူးတန်း ဒုတိယနှစ် ကျောင်းသူသည် နဝဒေးတံတား တိုင်အမှတ် (၂/၃) အကြားမှခုန်ချရာ ဧရာဝတီမြစ်ကမ်းဘေး သဲသောင်ပြင်ပေါ်သို့ကျကာ ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

"သေဆုံးသူမိန်းကလေးကို ဆေးရုံမှာရင်ခွဲစစ်ဆေးတော့ တံတားပေါ်က ပြုတ်ကျတဲ့အရှိန်နဲ့ ဦးခေါင်းနောက်စေ့ ကြေမွသွားတယ်။ ဝမ်းဗိုက်ထဲမှာ အစာအဆိပ်ဖြစ်တဲ့ လက္ခဏာ၊ ကာမကျူးလွန်ခံထားရတဲ့လက္ခဏာ၊ ကိုယ်ဝန်လွယ်ထားတဲ့ လက္ခဏာတွေ မတွေ့ရဘူး။ မိဘတွေကို ဆက်သွယ်တော့လည်း အခြားစိတ်ညစ်စရာမရှိဘူး" ဟု ပြည်မြို့ မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးမြင့်က ပြောသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် သက်ဆိုင်ရာမှ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးရန်ပိုင်ဝင်း(ပြည်)**

■

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၃ ။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ) တွင်ပါရှိသော "ပြည်ထောင်စုရာထူးဝန် အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့်စကားရပ်နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) **ပြည်ထောင်စုလွှတ်တော်ရုံး**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကိုဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။"

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂)တွင် ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့်စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ (က) နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့်ဖွဲ့စည်း၍ ယင်းလွှတ်တော်သက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီ ဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည်။

( ခ ) ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့သည် လွှတ်တော်ပထမပုံမှန်အစည်းအဝေးသို့တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် ကတိသစ္စာပြုပြီးခြင်း ရှိ မရှိကို စိစစ်အတည်ပြုရမည်။"

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့တွင်ပါရှိသော "အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့" ဆိုသည့်စကားရပ်ကို "ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၈ တို့တွင်ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့တွင်ပါရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသောအဖွဲ့အစည်းဝင်များ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၃-က တွင် ပါရှိသော " ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်နှင့်အညီ" ဆိုသည့်စကားရပ်ကို "ဒေသခံပြည်သူများနှင့်ညှိနှိုင်းပြီး ဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၄ ။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **နိုင်ငံခြားငွေ**ဆိုရာတွင် မြန်မာကျပ်ငွေဖြင့် တန်ဖိုးသင့်ထားခြင်း မဟုတ်သော စာတိုက်ငွေလွှဲလွှာများ၊ ချက်လက်မှတ်များ၊ ငွေလွှဲလက်မှတ်များ၊ ခရီးသွားချက်လက်မှတ်များ၊ ငွေလွှဲစာတမ်းများ၊ ငွေပေးအမိန့်လက်မှတ်များ၊ ငွေပေးကတိစာချုပ်များနှင့် ငွေသားဒင်္ဂါးများ၊ ငွေစက္ကူများ ပါဝင်သည်။"

( ခ ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) တွင်ပါရှိသော "နိုင်ငံခြားငွေ ငွေသား" ဆိုသည့် စကားရပ်ကို "နိုင်ငံခြားငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဂ ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ-၁) **ရွှေ**ဆိုသည်မှာ နိုင်ငံပိုင် နိုင်ငံခြားသုံး သီးသန့်ငွေရှိ ရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများ၊ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ်အသုံးပြုသည့် စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများနှင့် ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပရှိဘဏ်များတွင် အပ်နှံထားသည့် ရွှေများကိုဆိုသည်။"

၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား ငွေသားဖြင့် လက်ရောက်လွှဲပြောင်းမှု၊ ပေးချေမှုနှင့် အခြားပေးချေမှုများအပါအဝင် ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများအား ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသည့် "တရားမဝင်သောနည်းလမ်းဖြင့်ရရှိသော ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေ" ဆိုသည့်စကားရပ်ကို "ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၈ ၏နောက်တွင် ပုဒ်မ ၁၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၈-က။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ယင်းဆောင်ရွက်ပေးသည့် ပြည်တွင်း၌နေထိုင်သူ၏ နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ မှန်ကန်စွာဝင်ရောက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် ပြည်တွင်း၌နေထိုင်သူ၏ ဘဏ်စာရင်းသို့ သတ်မှတ်ကာလအတွင်း ယင်း၏ပို့ကုန်ရငွေဝင်ရောက်ခြင်းမရှိကြောင်းတွေ့ရှိပါက သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ ဆောလျင်စွာ အစီရင်ခံတင်ပြရမည်။"

၆။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ အခန်း(၇) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း (၇)**

**ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာ ပြည်တွင်း ပြည်ပသို့ ယူဆောင်ခြင်း**

၂၃။ ပြည်တွင်း၌နေထိုင်သူနှင့် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို ပြည်တွင်းမှ ပြည်ပသို့ ယူဆောင်သွားခြင်း၊ ပြည်ပမှ ပြည်တွင်းသို့ ယူဆောင်လာခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အခါအားလျော်စွာထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၇။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ ပြည်တွင်း၌ နေထိုင်သူသည်-

(က) ပြည်ပနိုင်ငံတစ်ခုခုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ရင်းနှီးမြှုပ်နှံလိုပါက ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်ခွဲဝေမှုများနှင့် ပြန်လည်ထုတ်ယူနိုင်သော မတည်ငွေရင်းများကို နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်လွှဲပြောင်းပေးပို့ရမည်။"

၈။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၉ ၏နောက်တွင် ပုဒ်မ ၂၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၉-က။ ပြည်တွင်း၌နေထိုင်သူသည် ပြည်ပမှချေးငွေရယူရာ၌ ငွေသားဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ချေးယူခြင်းတို့ကို ဗဟိုဘဏ်၏သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၉။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၄ တွင်ပါရှိသော "နိုင်ငံခြားသုံးငွေလုပ်ငန်းလိုင်စင်" ဆိုသည့် စကားရပ်ကို "နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (င) ၌ပါရှိသော "ငွေကြေးခဝါချမှု" ဆိုသည့် စကားရပ်၏ နောက်၌ "အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ ၏နောက်တွင် ပုဒ်မ ၃၈-က၊ ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့အဖြစ် အောက်ပါအတိုင်း အသီးသီးဖြည့်စွက်ရမည်-

"၃၈-က။ မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ် ပြည်ပသို့ ယူဆောင်သွားခြင်းမပြုရ။

၃၈-ခ။ မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၈-ဂ။ မည်သူမျှ ပြည်ပနိုင်ငံတစ်ခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေလုံးငွေရင်းလွှဲပြောင်းမှုများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၈-ဃ။ မည်သူမျှ သတ်မှတ်ချက်နှင့်အညီမဟုတ်ဘဲ ပြည်ပမှ ငွေ သို့မဟုတ် ပစ္စည်းကို ချေးယူခြင်းနှင့် ပြည်ပမှ ချေးငွေရယူရန်အလို့ငှာ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းမပြုရ။"

၁၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၀ တွင် ပါရှိသော "ဤဥပဒေပါပုဒ်မ ၂၀ အရ" ဆိုသည့်စကားရပ်ကို "ဤဥပဒေပါပုဒ်မ ၃၃ အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂ တွင် ပါရှိသော "ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၈-က တို့ပါ တားမြစ်ချက်များကို " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂ ၏နောက်တွင် ပုဒ်မ ၄၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၂-က။ မည်သူမဆို ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည့် မုံလှစ်ပြရွာကလေးမှသည် လူသားအားလုံး တူညီစွာရရှိမည့် အေးချမ်းခြင်းဆီသို့ အရောက်သွားမည်

**အေးချမ်းသည့် မြူနှင်းများ ပြည့်နှက်နေသော ဒီဇင်ဘာလလယ်နံနက်ခင်း။ နေရာမှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မုံလှစ်ပြကျေးရွာ။**

များပြားလှသည့် ကားကြီး ကားငယ်၊ ထော်လာဂျီ၊ မော်တော်ဆိုင်ကယ် အသွယ်သွယ်သည် ထိုနေရာသို့ ရှေးရှုကာ လမျက်နှာပြင်ကဲ့သို့ ချိုင့်ခွက်များပြားသည့် လမ်းအတိုင်း ရွေ့လျားနေကြသည်။ ရွှေဘို-ခင်ဦး-ရေဦးသွား လမ်းမကြီး၏တစ်နေရာ မြင်းဒေါင်းရွာကြီးတွင် ခေတ္တနားခိုရင်း ကျဉ်းမြောင်းလှသည့် တစ်လမ်းသွားသာသာ တာရိုးတစ်လျှောက် မြူနှင့် ဖုန်ရောနှောနေသည့် လေထုကိုဖြတ်ကာ အစဉ်အလိုက် မောင်းနှင်ကြရန်အတွက် စိုင်းပြင်းကြသည်။ မြို့ပြနှင့်အလှမ်းဝေးကွာလှသော အဆိုပါမုံလှစ်ပြကျေးရွာကလေးမှ ထွက်ပေါ်ခဲ့သည့် မြန်မာနိုင်ငံ ကက်သလစ်သာသနာတော်၏ ပထမဆုံးသော ရဟန်းမင်းအမတ်၊ ရန်ကုန် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၏ ဆရာတော် ဝါ ၂၅ နှစ်ပြည့် ငွေစင်ဂျူဘီလီပွဲတော်နှင့် ဘာသာပေါင်းစုံငြိမ်းချမ်းစွာအတူနေထိုင်ရေး အခမ်းအနားတစ်ရပ်ကို ဂုဏ်ပြုတက်ရောက်ရန်အတွက် ဘာသာပေါင်းစုံမှ ကိုးကွယ်ယုံကြည်ကြသူများ လာရောက်နေကြခြင်းပင်ဖြစ်သည်။

“ဘုရားသခင် ကျေးဇူးတော်ကြောင့် မုံလှကျေးရွာမှာ မွေးဖွားခွင့်ရခဲ့တယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသား လူမျိုးတွေအားလုံးနဲ့ တစ်သားတည်း ဖြစ်တည်ခွင့်ရခဲ့တာဟာ ကိုယ်တော်အတွက် အဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ခုပါ” ဟု ရဟန်းမင်းအမတ် ကာဒီနယ်ချားလ်စ်ဘိုက ပြောကြားသည်။

“ရှေးဘိုးဘေးဆရာတို့၊ ဘာသာနှစ်ခု ချစ်ကြည်မှုမျိုးစေ့၊ အုတ်မြစ်မဟုတ် ကျောက်မြစ်ပါ။ အမွေဆက်ခံ၊ သား၊ မြေး၊ မြစ်တို့ ဘာသာနှစ်ခု ချစ်ကြည်မှုက အံ့မခန်းပါ။ တွေ့မြင်သူတို့ အတုယူစရာ၊ ရွှေမုံလှစံပြကျေးရွာ။ ကြားမြင်သူတို့ သာစုခေါ်စရာ၊ ပြုမှုကုသိုလ် အမျှ အမျှ အမျှ ဝေနေမှာ၊ ရွှေမုံလှ စံပြကျေးရွာသူ၊ ကျေးရွာသားတွေပါ”

စိန်မိုက်ကယ် ကက်သလစ်ဘုရားရှိခိုးကျောင်းအတွင်း ကပ်နှိပ်ထားသည့် အထက်ပါ စာချိုးကလေးသည် မုံလှကျေးရွာ၏ လက်ရှိရပ်တည်မှု အခြေအနေကို အကောင်းဆုံးညွှန်ပြထားခြင်းဖြစ်ပြီး မြန်မာတို့၏ ကုန်းဘောင်မင်းဆက်အစ အလောင်းမင်းတရား၏ ငါးမည်ရ ပြည်ရွှေဘိုနှင့် အနီးကပ်ဆုံးနေရာတစ်ခု၏ မြန်မာပီသခြင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်စွာ ဘာသာကိုးကွယ်ခွင့် ရရှိခြင်းတို့၏ ဂုဏ်ယူဖွယ် မြင်ကွင်းပင်ဖြစ်သည်။

မုံလှကျေးရွာသည် ပထမအင်းဝခေတ် ခရစ်နှစ် အေဒီ ၁၃၆၄ ခုနှစ်တွင် ရွာတည်ခဲ့ခြင်းဖြစ်ပြီး မုံလှကျေးရွာတည်စကတည်းကပင် ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များ အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြခြင်းဖြစ်ကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။

စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ဘာသာဝင်တို့၏ ဘုရားကျောင်းများမှာ ညောင်ကိုးပင်ဟု ခေါ်ဆိုခဲ့ကြသည့် မူးမြစ်ကမ်းနံဘေး လှေဆိပ်အနီးတွင် ရာစုနှစ်ပေါင်းများစွာကတည်းက တစ်ခုနှင့်တစ်ခု ဆက်စပ်တည်ရှိနေသည်ကို မြင်တွေ့ရသည်။

ယနေ့သည် လေးရက်မြောက်ပွဲနေ့၏ ဒုတိယနေ့ဖြစ်ပြီး နံနက်ပိုင်းတွင် ဘုန်းတော်ကြီးများ သိက္ခာထပ်ပွဲ၊ ခြင်းအလှုခတ်ပွဲနှင့် ချောတိုင်တက်ပွဲများကိုကျင်းပပြီး မွန်းလွဲ ၂ နာရီအရောက် ကက်သလစ်လူငယ်များ၏ ဘင်ခရာသံများ၊ ဗုဒ္ဓဘာသာလူငယ်များ၏ မေတ္တာပို့သံများဖြင့် ဘာသာတရားကွဲပြားမှုများကြားမှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း တရားတော်ဟောပြောရန်အတွက် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ကြွရောက်လာရာ များပြားလှသည့် ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်ဝေးရပ်နီးမှ ပုဂ္ဂိုလ်များ သောင်းသောင်းဖြဖြကြိုဆိုကြသည်။

“မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါတယ်။ မင်္ဂလာဆိုတာ မကောင်းသောအရာအားလုံးကို ရှောင်ခြင်း၊ ကောင်းသောအရာများအား ပြုစုပျိုးထောင်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ အသားအရောင်မရွေး၊ လူမျိုးဘာသာမရွေး အခွံတွေ ချွတ်ပစ်လိုက်ရင် လူဆိုတာ ကျန်ခဲ့ပါတယ်။ လူလူချင်း ချစ်ခင်စွာ၊ နားလည်စွာ၊ ဖေးမစွာ၊ ရိုင်းပင်းစွာ၊ ခွင့်လွှတ်စွာနေကြမယ်ဆိုရင် တစ်ကမ္ဘာလုံး ရန်ပွဲတွေ ရပ်ဖို့ဖြစ်လာမယ်။ အခု မုံလှဆိုတဲ့ရွာကလေးကနေ အတူတကွညီညွတ်မှုကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နဲ့ရှမ်း စတဲ့တိုင်းရင်းသားများ စုပေါင်းနေထိုင်တဲ့ မြန်မာတစ်ပြည်လုံးကို ပို့နိုင်မယ်၊ ထိုကနေမှ တစ်ကမ္ဘာလုံးကို သာဓကယူနိုင်းကြမယ်ဆိုရင် အကောင်းဆုံးပေါ့” ဟု သီတဂူဆရာတော်က မိန့်ကြားသည်။

ထို့အပြင် သီတဂူဆရာတော်က ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် သာဓကနှင့် လမ်းစဉ်ပေါင်းရှစ်ချက်ကို ကာဒီနယ် ချားလ်စ်ဘိုနှင့် အတူ ဆွေးနွေးဟောပြောပေးခဲ့သည်။

“ကာဒီနယ် ဆရာတော်ကြီးရဲ့ ဇာတိဖြစ်သလို မုံလှကျေးရွာဟာ အလွန်အေးချမ်းတဲ့ ရွာလေးတစ်ရွာဖြစ်ပါတယ်။ အိမ်ခြေ ၄၅၀ လောက်ရှိပြီး ဗုဒ္ဓဘာသာဝင်များက တစ်ခြမ်း၊ ခရစ်ယာန်ဘာသာဝင်များက တစ်ခြမ်း နေကြတာလည်း ဖြစ်ပါတယ်။ ခိုက်ရန်ဖြစ်တာ၊ ဘာသာရေးအတွက် ပဋိပက္ခဖြစ်တာမျိုး မရှိပါဘူး။ အခု ကာဒီနယ်ရဲ့ပွဲအတွက် တစ်နိုင်ငံလုံးက ကက်သလစ်ဘာသာဝင်တွေအများကြီးလာရောက်တာကြောင့် နေရာအခက်အခဲကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွေ၊ နေအိမ်တွေက ဝမ်းပန်းတသာ အကူအညီပေးပြီး လက်ခံဧည့်ခံပေးကြတယ်။ ဆရာတော်ကြီးရဲ့ ငွေစင်ဂျူဘီလီကို ကျင်းပသလို အတူတကွနေထိုင်ကြတဲ့ ဗုဒ္ဓဘာသာဝင်တွေကိုလည်း တရားတော်နာစေချင်တဲ့ စိတ်ကူးနဲ့ သီတဂူဆရာတော်ကြီးကိုလည်း ပင့်ဖိတ်ပေးခဲ့တာဖြစ်ပါတယ်။ ရွာတွေအပြင် မြို့ပေါ်ကပါ တရားပွဲလာရောက်ကြလို့ အလွန်ကြည်နူးရပါတယ်။ ဝေးလံပြီး သွားလာရတာ ခက်ခဲတဲ့အပြင် ဆက်သွယ်ရေးခက်ခဲမှုကြောင့် လာရောက်ကြတဲ့ ဘာသာပေါင်းစုံက ဧည့်သည်တွေကို အားနာရပါတယ်” ဟု စိန်မိုက်ကယ် ကက်သလစ်ဘုရားရှိခိုးကျောင်း၏ ကျောင်းထိုင်ဆရာတော်ဖြစ်သူ ဖာသာ ဩဂတ်စတင်း ဇော်ထွန်းက ပြောကြားသည်။

မုံလှရွာသို့ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသည့် လူမျိုးခြားများ စတင်ရောက်ရှိခဲ့သည်မှာ အေဒီ ၁၃၆၄ တွင် ဖြစ်ပြီး အနောက်ဘက်လွန်မင်းလက်ထက် အေဒီ ၁၆၁၂ တွင် ပေါ်တူဂီဘရင်ဂျီဘာသာဝင်များ ရောက်ရှိလာခဲ့သည်။ အလောင်းဘုရား လက်ထက် အေဒီ ၁၇၅၆ တွင်မူ သန်လျင်တိုက်ပွဲအပြီးတွင် ပြင်သစ်လူမျိုး ခရစ်ယာန်ဘာသာဝင်များထပ်မံရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ အေဒီ ၁၇၁၉ မှအေဒီ ၁၈၃၂ အထိ အီတာလျံရဟန်းတော်များ သာသနာပြုခဲ့ကြပြီး ထိုလက်ထက်တွင် မုံလှရွာကို ကက်သလစ်ခရစ်ယာန်ဘာသာ၏ အလယ်ဗဟိုအဖြစ် သတ်မှတ်ခဲ့ကြကြောင်း ကက်သလစ်ဘာသာဝင်များ၏သမိုင်းမှတ်တမ်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော မြန်မာရဟန်းဖြစ်သင်ကျောင်းကို ဆင်ဖြူရှင်မင်းလက်ထက် အေဒီ ၁၇၇၀တွင် ဘုန်းတော်ကြီး ပယ်ကောက မုံလှရွာတွင်ဖွင့်လှစ်ခဲ့ပြီး ကိုယ်တော်များသည် သမဝါယမ ငွေစု၊ ငွေချေးအသင်းများ ဖွဲ့စည်းတည်ထောင်ခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးနည်းလမ်းများ အကြံပေးခြင်း၊ ကျောင်းပညာရေးကို အလယ်တန်းအထိ သင်ကြားပေးခြင်းများ ပြုလုပ်ခဲ့ပြီး ဖာသာကွိရိုးသည် နောက်ဆုံးပြင်သစ်ရဟန်းဖြစ်ခဲ့သည်။ မုံလှရွာသည် စစ်ကိုင်းနှင့် ရွှေဘိုနယ်တို့တွင် ပေါ်တူဂီဘရင်ဂျီတို့အား ပို့ဆောင်သော ရွာကြီး ၁၆ ရွာတွင် ပါဝင်ပြီး ထိုရွာများအနက် တိုးတက်စည်ပင်သည့် ရွာတစ်ရွာအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့ခြင်းဖြစ်ကြောင်း မုံလှစ်ပြကျေးရွာကလေးမှ ထွက်ပေါ်ခဲ့သည့် မြန်မာနိုင်ငံ ကက်သလစ်သာသနာတော်၏ ပထမဆုံးသော ရဟန်းမင်းအမတ်၊ ရန်ကုန် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုက ရှင်းပြရင်း လာရောက်သော အနယ်နယ်အရပ်ရပ်မှ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့ကို ကြင်နာသောအပြုံးဖြင့် ကြိုဆိုဧည့်ခံသည်။

ပွဲတော်ရက်မှာ ဒီဇင်ဘာ ၁၄ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး ပထမနေ့တွင် မစ္ဆားတရားတော်မြတ် (စည်းလုံးခြင်းနှင့် ဘာသာပေါင်းစုံတို့မှ အေးချမ်းစွာ လက်တွဲလုပ်ဆောင်ခြင်း) အကြောင်း ရှင်းလင်းဟောကြားခြင်း၊ ဂျူဘီလီအရှင် ကာဒီနယ် ချားလ်စ်ဘိုအား ကြိုဆိုကာ ဂျူဘီလီစတိတ်စင်အား ကောင်းချီးပေးခြင်းများ ပြုလုပ်ကြပြီး ယနေ့ဒုတိယနေ့အဖြစ် ငြိမ်းချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာပေါင်းစုံမှ ဆုတောင်းပွဲကိုလည်း သီတဂူတရားပွဲအပြီးတွင် ဆက်လက်ကျင်းပခဲ့သည်။

ဒီဇင်ဘာ ၁၆ ရက်တွင် ရန်ကုန် ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၏ ဆရာတော် ဝါ ၂၅ ဝါအထိမ်းအမှတ် ငွေရတုသဘင်ကျင်းပခြင်း၊ ကျေးဇူးမစ္ဆားတရားတော်မြတ်နှင့် ကချင်မနောအကများ ကပြခြင်း၊ ကိုယ်တော်မြတ်ဖူးမြော်ခြင်းနှင့် ကောင်းချီးမင်္ဂလာပေးခြင်း၊ ဆီမီးထွန်းလှူညှိလည်ဆုတောင်းခြင်းနှင့် ကွယ်လွန်သူဆွေမျိုးများအား ဂါရဝပြုခြင်းတို့ ပြုလုပ်ကြမည်ဖြစ်သည်။

ပွဲစဉ်လေးရက်အတွင်း ပထမနှစ်ရက်ဆက်တိုက် ညစဉ် ဖိုးချစ်ဇာတ်သဘင်ဖြင့် ကပြဖျော်ဖြေခဲ့ပြီး ဒုတိယနှစ်ရက်တွင်မူ ကက်သလစ်ဘာသာဝင် အနုပညာရှင်များဖြစ်သော အဆိုတော် နွဲ့ယဉ်ဝင်းဦးစီးသည့် အဖွဲ့သားများက စတိတ်ရှိုးဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင်မူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည့် မုံလှစ်ပြရွာကလေးမှသည် လူသားအားလုံး တူညီစွာရရှိမည့် အေးချမ်းခြင်းဆီသို့ အရောက်သွားမည် ဟူသည့် ဆရာတော်ကြီးတို့၏ ဩဝါဒအောက်တွင် မုံလှရွာသူ ရွာသားများအပါအဝင် အားလုံးသော ပရိသတ်များ နူးညံ့သော အပြုံးများ ဝေဆာလျက်ရှိပြီး အတူတကွ ငြိမ်သက်စွာ တရားတော်နာယူနေကြသည်ကို ကြည့်ကာ ဝမ်းသာမိပါကြောင်း။



ဘာသာပေါင်းစုံငြိမ်းချမ်းစွာ အတူနေထိုင်ရေးအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ကာဒီနယ်ချားလ်စ်ဘို၏ ဆရာတော် ဝါ ၂၅ နှစ်ပြည့် ငွေစင်ဂျူဘီလီပွဲတော်နှင့် ဘာသာပေါင်းစုံငြိမ်းချမ်းစွာအတူနေထိုင်ရေးအခမ်းအနားသို့ လာရောက်ကြသည့်ဧည့်ပရိသတ်များကို တွေ့ရစဉ်။

သတင်းဆောင်းပါး - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး
ဒရုန်းဖြင့် ရိုက်ကူးပူဇော်သူ - သီတဂူ မောင်မောင်


**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော ဆင်တဲဝတံတား၏ ၂၈-၁၂-၂၀၁၅ရက်မှ ၂၇-၁၂-၂၀၁၈ရက်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း(၃)နှစ် လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား** - ဆင်တဲဝတံတား
(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့်စည်းကမ်းချက်များ** - မန်နေဂျာ(သွားလာရေး/တိုင်း) ဝယ်ယူနိုင်သောနေရာ တိုင်းအမှတ်(၁၁)ပုဂံနှင့်မန်နေဂျာ (စီးပွားရေး/တိုင်း)တိုင်းအမှတ်(၃) မန္တလေး
(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ** - မန္တလေးဘူတာ၊ တတိယထပ်၊ မန်နေဂျာ၊ (စီးပွားရေး/တိုင်း)ရုံး
(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ၁၃:၀၀နာရီ
(စ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - မန္တလေးဘူတာကြီး၊ မြေညီထပ် နားနေဆောင်(၂)

**မှတ်ချက်။** (၁) အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ်(၁၀၀၀၀ိ/-)နှုန်းဖြင့် ၁၈-၁၂-၂၀၁၅ ရက်မှ ၂၂-၁၂-၂၀၁၅ ရက် ၁၆:၃၀ နာရီအထိ မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်း အမှတ်(၁၁)ပုဂံနှင့် မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၃) မန္တလေးတို့တွင် (ရုံးပိတ်ရက်များမပါ)ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ်- ၀၂-၆၆၇၆၄၊ ၀၂-၃၅၂၈၉နှင့် ၀၉-၆၈၀၈၂၇၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီး**

# ဖားကန့်တွင် ယခုနှစ်အတွင်း ခြောက်ကြိမ်မြောက် မြေစာပုံပြိုကျမှုဖြစ်ပွား ကန့်သတ်နေရာများအတွင်း ဝင်ရောက်၍ ရေမဆေးကျောက်ရှာသူများ ပျောက်ဆုံးနေ

နေပြည်တော် ဒီဇင်ဘာ ၁၅

**ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကန်ခါကျေးရွာအနောက်ဘက်တွင် နိုဝင်ဘာ ၂၁ ရက်က လူ ၁၁၀ ကျော်သေဆုံးခဲ့သော မြေစာပုံပြိုကျမှုဖြစ်ပွားရာနေရာနှင့် ကပ်လျက်တွင်တည်ရှိသည့် အောင်ဟိန်းလင်း အကျိုးတူကုမ္ပဏီမှ စွန့်ပစ်သည့်မြေစာပုံပြိုကျမှု ယမန်နေ့က ဖြစ်ပွားရာ ရေမဆေးကျောက်ရှာသူအချို့ ပျောက်ဆုံးလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။**

ယမန်နေ့ညနေ သုံးနာရီခွဲခန့်တွင် ဖြစ်ပွားခဲ့သည့် မြေစာပုံပြိုကျရာနေရာသည် အန္တရာယ်ရှိသောနေရာဖြစ်၍ ဝင်ရောက်ခြင်းမပြုရန် နိုဝင်ဘာ ၂၈ ရက်မှစ၍ ကန့်သတ်ထားခဲ့သော နေရာဖြစ်ကြောင်း၊ ယခု မြေစာပုံပြိုကျချိန်တွင် လူသုံးယောက်မှ ခြောက်ယောက်အထိ ပါဝင်သောအဖွဲ့ လေးဖွဲ့ခန့်က အဆိုပါနေရာတွင် ရေမဆေးကျောက်ရှာဖွေနေကြကြောင်း၊ အန္တရာယ်ရှိ၍ ကန့်သတ်ထားသောနေရာကို ခိုးဝင်၍ ရေမဆေးကျောက်ရှာဖွေသူ ခြောက်ယောက်အုပ်စုမှ ငါးယောက်လွတ်မြောက်လာခဲ့ကာ ၎င်းတို့အဖွဲ့မှ တစ်ယောက်အပါအဝင် လူ ၁၂ ယောက်မှ ၂၀ ခန့်အထိ ပျောက်ဆုံးနေကြောင်း ရေမဆေးကျောက်ရှာဖွေသူများအသိုင်းအဝိုင်းက ပြောကြားသည်။

နိုဝင်ဘာ ၂၁ ရက် မြေစာပုံပြိုကျမှုဖြစ်ပွားပြီးနောက်ပိုင်းတွင် မြေပြိုမှုဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ပညာပေးမှုများပြုလုပ်ခြင်း၊ အန္တရာယ်ရှိနေရာများကို ကာရံခြင်း၊ ကြေညာချက်များထုတ်ပြန်ခြင်း၊ လိုက်လံဆော်ဩခြင်းများပြုလုပ်ခဲ့သော်လည်း လိုက်နာ ခြင်းမရှိသူများနှင့် ကန့်သတ်နေရာများကို ခိုးဝင်ပြီး ကျောက်ရှာဖွေသူများရှိနေကြောင်း ဒေသခံများက ပြောကြားသည်။

မြေစာပုံပြိုကျမှုများမှာ ယခုနှစ်အတွင်း ဇန်နဝါရီ ၇ ရက်တွင် တစ်ကြိမ်၊ မတ် ၆ ရက်နှင့် ၃၀ ရက်တို့တွင် တစ်ကြိမ်စီ၊ စက်တင်ဘာ ၂ ရက်တွင် တစ်ကြိမ်နှင့် နိုဝင်ဘာ ၂၁ ရက်တွင် တစ်ကြိမ် ဖြစ်ပွားခဲ့ရာ ယခုမြေပြိုမှုမှာ ယခုနှစ်အတွင်း ခြောက်ကြိမ်မြောက် ပြိုကျခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# အသိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မောင်းနှင်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များအနေဖြင့် ခုံးကျော်တံတားသုံးစင်းတည်ဆောက်ရာတွင် ယာဉ်ကြောကျပ်တည်းမှုမရှိစေရေးအတွက် အောက်ဖော်ပြပါလမ်းကြောင်းများအတိုင်း ရှောင်လွှဲမောင်းနှင်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

**(က) (၈)မိုင်လမ်းဆုံခုံးကျော်တံတားတည်ဆောက်နေ၍ မော်တော်ယာဉ်များအနေဖြင့် -**

ပြည်လမ်း၊ တော်ဝင်လမ်း၊ မင်းဓမ္မလမ်း၊ ပါရမီလမ်း၊ ပြည်လမ်းအတိုင်းအသွားအပြန်လမ်းကြောင်း။

ပြည်လမ်း၊ ရွှေနှင်းဆီလမ်း၊ စွယ်တော်မြတ်စေတီလမ်း၊ အုတ်ပုံဆိပ်လမ်း၊ ကမ္ဘာအေးဘုရားလမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။

**(ခ) ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားတည်ဆောက်နေ၍ မော်တော်ယာဉ်များအနေဖြင့် -**

ကမ္ဘာအေးဘုရားလမ်း၊ စက်မှု(၁)လမ်း၊ ဆရာစံလမ်း၊ ကမ္ဘာအေးဘုရားလမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။

ကမ္ဘာအေးဘုရားလမ်း၊ ကံဘဲ့လမ်း၊ ရန်ကင်းလမ်း၊ ဆရာစံလမ်း၊ ကမ္ဘာအေးဘုရားလမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။

**(ဂ) တာမွေ(၅)ခွဆုံခုံးကျော်တံတားတည်ဆောက်နေ၍ မော်တော်ယာဉ်များအနေဖြင့် -**

အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံလမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။

သံသုမာလမ်း၊ သမိန်ဗရမ်းလမ်း၊ အရှေ့ရွှေဂုံတိုင်လမ်းအတိုင်း အသွားအပြန်လမ်းကြောင်း။

ဦးချစ်မောင်လမ်းအတိုင်းတံတားဘေးကပ်၍ ဗိုလ်စိန်မှန်လမ်း၊ ရွှေဂုံတိုင်လမ်းအတိုင်း အသွားလမ်းကြောင်း။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ရန်ကုန်စတော့အိတ်ချိန်းတွင် ငွေချေးသက်သေခံလက်မှတ်များ ရောင်းချမည့် ပထမဦးဆုံးသော ကုမ္ပဏီလုပ်ငန်းစဉ်များ စတင်မိတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်လိုက်သည့် ရန်ကုန်စတော့အိတ်ချိန်းတွင် မြန်မာနိုင်ငံမှ ကမ္ဘောဇကုမ္ပဏီများအုပ်စုနှင့် စင်ကာပူနိုင်ငံ Stirling Coleman Securities Co., Ltd. တို့ အကျိုးတူ ပူးပေါင်းထားသည့် KBZ Stirling Coleman Securities Co., Ltd. (KBZ SC Securities) ၏ လုပ်ငန်းစဉ်များ မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၁၅ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ Sule Shangri-La Hotel Ballroom ခန်းမ၌ ကျင်းပသည်။

ရန်ကုန်စတော့အိတ်ချိန်းကို ဒီဇင်ဘာ ၉ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ကနဦးအနေဖြင့် မြန်မာ Listing Company ခြောက်ခုမှ ငွေချေးသက်သေခံလက်မှတ်များကို ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းချရန် စီစဉ်လျက်ရှိပြီး ယင်းတို့ကို တာဝန်ခံရောင်းချပေးရန် Underwriter ကုမ္ပဏီ ၁၀ ခုကို ပဏာမအဖြစ် ရွေးချယ်ထား ပြီးဖြစ်သည်။ ယင်း ကုမ္ပဏီ ၁၀ ခုတွင် KBZ SC Securities က လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားပြီး ကျန်ရှိသော ကုမ္ပဏီများမှာလည်း လိုင်စင်ရရှိရေးအတွက် လိုအပ်ချက်များကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

KBZSC Securities ၏ လုပ်ငန်းများကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Square (ယခင်ခြောက်ထပ်ရုံး)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။



**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်တွင် ဆိုင်ခန်းပေါင်း ၂၈၈ ခန်းပါ အဆင့်မြင့် တစ်ထပ်ဈေးရုံလေးရုံ၊ ပျံကျဈေးနေရာနှင့် ကားပါကင်တို့ တည်ဆောက်ပြီးစီးနေမှုကို ဒီဇင်ဘာ ၁၅ ရက်က တွေ့ရစဉ်။**

မြင့်သန်းကြည်(ရွှေပြည်သာ)

# ဒီဇင်ဘာ ၁၅ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၀၀၀၀ | အသစ် |
| ၃။ | ဧရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတို(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | သုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၂၀၀၀ | အသစ်(ရှယ်) |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၉၀၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၃၀ မှ ၂၃၃၅ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၀၀ မှ ၂၆၀၀ | |
| ၁၀။ | ကြက်သွန်နီ | တရုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀ မှ ၂၉၀၀ | |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀ မှ ၂၉၀၀ | ရှယ်၊ လတ် |
| ၁၂။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၅၀၀ | ထူး-၂၊၃၊၄၊၅ |
| ၁၃။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၅၀ မှ ၈၃၀ | A1,OK,S1,S2 |
| ၁၄။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၇၀၀ | |
| ၁၅။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၄၀၀ | |
| ၁၆။ | ဆီးသီး(အချဉ်) | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ | |
| ၁၇။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀ | |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**


## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K-2105 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## အမည်ပြောင်း

ဦးကျော်မင်းဦး ၁၂/ရပသ(နိုင်)၀၀၈၄၂၈၏ သား အထက(ခွဲ)(၁၂) အဌမတန်း(A)မှ မောင်စိုးသီဟအား မောင်သက်ဝေယံထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သက်ဝေယံထက်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၄၆၄၄၊ Follow Me 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးစိုးမြင့် ၉/မထလ(နိုင်)၀၅၃၇၀၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မိတ္ထီလာခရိုင်)**

## KG - Kit ဝယ်ယူရေးအတွက် ရှင်းလင်းပြသမည့်အစီအစဉ် တက်ရောက်ရန် ဖိတ်ကြားခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် KG ကျောင်းသား၊ ကျောင်းသူများအတွက် KG-Kit (အမျိုးအမည် - ၁၃ မျိုး) များကို တင်ဒါစနစ်ဖြင့် ဝယ်ယူရန်ရှိပါသည်။

၂။ ပစ္စည်းနမူနာများ ပြသခြင်းနှင့် လိုအပ်သည့် တင်ဒါအချက်အလက်များကို အောက်ပါအစီအစဉ်အတိုင်း ရှင်းလင်းပြသမည်ဖြစ်ပါ၍ တင်ဒါတင်သွင်းရန် စိတ်ပါဝင်စားသည့် ကုမ္ပဏီ/အဖွဲ့အစည်းများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၂-၁၂-၂၀၁၅ (အင်္ဂါနေ့)
ကျင်းပမည့်အချိန် - နံနက် (၁၀-၀၀) နာရီ
ကျင်းပမည့်နေရာ - အခြေခံပညာဦးစီးဌာန (ရုံးချုပ်) နေပြည်တော်

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၆၆၁၁၄၈၊ ၀၆၇-၄၀၇၆၉၀

အခြေခံပညာဦးစီးဌာန
နေပြည်တော်

## ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးအတွက် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် သီးခြားရုံးအဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ပေ (၄၄×၇၀) နှစ်ထပ်သံကူကွန်ကရစ် (RC) အဆောက်အအုံ တစ်လုံးဆောက်လုပ်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာကို ၁၆-၁၂-၂၀၁၅ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၂၄-၁၂-၂၀၁၅ရက် မွန်းတည့် ၁၂နာရီမတိုင်မီ ပေးပို့တင်သွင်းသွားရန် ဖြစ်ပါသည်။ နောက်ကျတင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို အလုံလမ်းနှင့်ပြည်လမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာ တင်သွင်းရမည် ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည် ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ အစည်းအဝေးခန်းမ၌ ၂၄-၁၂-၂၀၁၅ရက် ညနေ ၃နာရီတွင် တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၂၃၁၇၅၄၂၊ ၀၁-၂၃၀၂၂၄၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**
**အလုံလမ်း၊ ရန်ကုန်မြို့**

## မိဘအမည်မှန်

လှိုင်ဂျယ်မြို့၊ အထကကျောင်း တတိယတန်းမှ မောင်ဆိုင်းအောင်၏ မိဘအမည်မှန်မှာ ဦးမရန်တူးနှင့် ဒေါ်ချိန်အိန်လွတ် ဖြစ်ပါသည်။

**ဦးမရန်တူး-ဒေါ်ချိန်အိန်လွတ်**

## အမည်မှန်

ဦးသောင်းထွန်း၏သား အထက(၁) စစ်တွေ၊ နဝမတန်း(B)မှ မောင်အောင်သူ၏ အမည်မှန်မှာ မောင်အေးမြင့် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက(၂) ပဉ္စမတန်း(C)မှ မောင်စောထူးမြတ်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်းထွန်း ၁/မကတ(နိုင်)၀၈၅၉၈၀ ဖြစ်ပါသည်။

**ဦးနိုင်ဝင်းထွန်း**

# အဝီစိတွင်းတူးရာမှ ရေနှင့်အတူ ဓာတ်ငွေ့များပန်းထွက်

**အောင်လံ ဒီဇင်ဘာ ၁၅**

အောင်လံမြို့နယ် မဲခေါင်းကျေးရွာမြောက်ပိုင်း ကျေးလက်ကျန်းမာရေးဌာနခွဲအတွက်သုံးစွဲရန် နှစ်လက်မအဝီစိရေတွင်းကို နိုဝင်ဘာ ၂၈ ရက်က စတင်တူးဖော်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် အနက်ပေ ၃၉၀ အရောက်တွင် ရေနှင့်ဓာတ်ငွေ့များ ရောနှောလျက် အမြင့်ပေ ၃၀ ခန့် အထိ ပန်းထွက်လာခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ပြည်မြို့နယ် တီတွတ်သဘာဝဓာတ်ငွေ့ထိန်းသိမ်းရေးလုပ်ငန်းမှ ဆက်သွယ်တင်ပြပေးမှုအရ ရေနံရှာဖွေရေးအဖွဲ့ (နေပြည်တော်) ဘူမိဗေဒအရာရှိ ဦးဇော်မြင့်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဘူမိဗေဒအရာရှိက စက်ရေတွင်းမှထွက်ရှိသော ဓာတ်ငွေ့သည် သဘာဝအလျောက်ဓာတ်ငွေ့များ ရေနှင့်အတူပါဝင်နေခြင်းဖြစ်ပြီး ဓာတ်ငွေ့အနံ့အသက်များပါဝင်နေ၍ သောက်သုံးရန်မသင့်ကြောင်းနှင့် ရေတွင်းအားပိတ်၍ အခြားသင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့တူးရန် ပြောကြားသည်။ အဆိုပါတွင်းမှာ ဓာတ်ငွေ့တူးဖော်ရန်လုံလောက်သော ဓာတ်ငွေ့များမရှိကြောင်းနှင့် ဓာတ်ငွေ့များပါဝင်သော ရေအားဓာတ်ခွဲစမ်းသပ်ရန်အတွက် နေပြည်တော်သို့ ယူဆောင်သွားခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**



# ကုန်တင်ယာဉ် အရှိန်လွန်တိမ်းမှောက် ယာဉ်မောင်းသေဆုံး

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၁၅**

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အောင်လံ-တောင်တွင်းကြီးကားလမ်းတွင် ကုန်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့၍ ယာဉ်မောင်းသေဆုံးခဲ့မှု ဒီဇင်ဘာ ၁၄ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း သရက်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီခွဲက အောင်လံ-တောင်တွင်းကြီး ကားလမ်းအတိုင်း အောင်လံမှတောင်တွင်းကြီးဘက်သို့ ဆန်အိတ် ၆၀၀ တင်ဆောင်၍ မင်းမင်း(၃၀နှစ်) ကံကုန်းကျေးရွာ တိုက်ကြီးမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် ရဲကိုနှင့်လမ်းကြုံလိုက်လာသူ ကျော်မင်း (၄၅နှစ်) ရွှေပြည်သာမြို့နယ်တို့လိုက်ပါလာသည့် 9B/-----၁၈ဘီး မိုးပြာရောင်ယာဉ်သည် မိုင်တိုင်အမှတ် (၂၃၄/၆) (၂၃၄/၇)ကြားအရောက်၌ အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်ခဲ့သောကြောင့် မင်းမင်းတွင် ဒဏ်ရာရရှိကာသေဆုံးခဲ့ပြီး ကျော်မင်းတွင် (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်ထားသည်။

**ဇေယျာတု(မကွေး)**

# ပျဉ်းမနားမြို့ ကာရာအိုကေဆိုင်၌ ရဲတပ်ဖွဲ့ဝင်သုံးဦးဓားခုတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နေပြည်တော် ပျဉ်းမနား ဘောဂဝတီရပ်ကွက် (၁၉)လမ်းရှိ ချယ်ရီမေ ကာရာအိုကေဆိုင်၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁ နာရီက ရဲတပ်ဖွဲ့ဝင်သုံးဦး ဓားခုတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အခင်းဖြစ်ပွားရာ ချယ်ရီမေ ကာရာအိုကေဆိုင်အခန်းအမှတ် (၂၁၄)သို့ ယခင်က သိက္ခမ်းခဲ့သော ရန်နောင်စိုး(၃၃ နှစ်) ပမ္မဝတီ(၁)လမ်း ရွှေကြာပင်ရပ်ကွက် ဇမ္ဗူသီရိမြို့နယ်နေသူ ရောက်ရှိလာပြီး ရဲအုပ်ဖော်သောင်းထိုက်နှင့် အချင်းများသဖြင့် ကျန်တပ်ဖွဲ့ဝင်များက ဖျန်ဖြေပေးခဲ့ရာ ရန်နောင်စိုးက စိန်ခေါ်ကာ ထွက်သွားပြီး ခဏအကြာ ရဲအုပ်ဖော်သောင်းထိုက်တို့ရှိရာ အဆိုပါဆိုင်ခန်းသို့ ရန်နောင်စိုးနှင့်အမည်မသိခုနစ်ဦးက ဓားများ၊ သံတုတ်များ ကိုင်ဆောင်ရောက်ရှိလာပြီး ရဲအုပ်ဖော်သောင်းထိုက်၊ ရဲအုပ်ထွန်းမင်းလတ်နှင့် ရဲအုပ်စိုးမိုးဝင်းတို့သုံးဦးကို ဓားနှင့်ခုတ်၊ တုတ်နှင့်ရိုက်သောကြောင့် ဒဏ်ရာများရရှိခဲ့သဖြင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ နံနက် ၂ နာရီ ၁၀ မိနစ်တွင် ရဲဆေးစာဖြင့် ပို့ဆောင်ခဲ့ရသည်။




အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပျဉ်းမနား မြို့မရဲစခန်းက ရန်နောင်စိုးနှင့်အပေါင်းအပါခုနစ်ဦးအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အခင်းဖြစ်ပွားခဲ့သော ချယ်ရီမေ ကာရာအိုကေဆိုင် (ဝဲပုံ)မှာ သတ်မှတ်ချိန်ကျော်လွန်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဝ၁၁)**

# ထွက်ပြေးလွတ်မြောက်နေသော ရဲဘက်ပြေး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ ထွက်ပြေးလွတ်မြောက်နေသော ရဲဘက်ပြေးတရားခံ ဖမ်းဆီးရမိကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီခန့်က ရဲဘက်ပြေး



တရားခံကျော်ထူး(၃၉ နှစ်) ဒေါပုံမြို့နယ်နေသူသည် (၆၀) ရပ်ကွက် ကျူးတွင် နေထိုင်သူမိခင်အား လာရောက်တွေ့ဆုံစဉ် သတင်းအရ အရှေ့ပိုင်းခရိုင် ဒုစရိုက်နှိမ်နင်းရေးဌာနစုမှူး ရဲအုပ်လင်းဟုန်နှင့် နယ်မြေခံတပ်ဖွဲ့ဝင်များ အဆိုပါနေအိမ်၌ ဝင်ရောက်ဖမ်းဆီးခဲ့သည်။

ထွက်ပြေးလွတ်မြောက်နေသော ရဲဘက်ပြေး ကျော်ထူးသည် ပုဒ်မ ၃၂၆ အမှုဖြင့် တိုက်ကြီးမြို့နယ် ဘဝ(၂)ရဲဘက်ထောင်တွင် ထောင်သုံးနှစ်ကျခံခဲ့ရာမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

အဆိုပါရဲဘက်ပြေး တရားခံကျော်ထူးကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းက တိုက်ကြီးမြို့နယ် ဘဝ(၂) ရဲဘက် စခန်းသို့ သွားရောက်အပ်နှံကြောင်း သိရသည်။

**(၁၈၁)**

UNIQUE UNIQUE STAR TRAVELS & TOURS
ဗန်ကောက်၊ပတ္တရား(6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Dec: 19 / Jan: 2, 9, 16, 23, 30 ($300)
ဗန်ကောက်၊ပတ္တရား (3)D, (4)D, (5)D Dec: 19 ($200)
ဗန်ကောက်၊ဖူးခက် (6)D Dec: 24, 25, 29, 30 ($500)
ဖူးခက်/ ချင်းမိုင် (4)D Dec: 24, 25, 29, 30 ($300)
ကူမင်း၊ရှန်ဂရီလာ (8)D Dec: 26 / Jan: 9, 23 ($500)
Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550 / $ 650)
Feb:12, Mar: 2, 23, 30 ($ 470 / $550)
Apr: 10, 11, 12, 13, 14, 18 ($ 550/ $ 650)
Bangkok - Cambodia ($ 500)
70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

**မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်သစ်ရွေးကောက်ပွဲအခမ်းအနားနှင့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး**

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသည် ၂၀၁၆-၂၀၁၇ အလုပ်အမှုဆောင်သက်တမ်းအတွက် အသင်း၏ရွေးကောက်ပွဲအခမ်းအနားနှင့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးပွဲကို ၁၉-၁၂-၂၀၁၅ရက်တွင် UMFCCI ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ အသင်းသားများအနေဖြင့် အသင်းကြီးနှင့် အသင်းသားများ၏တိုးတက်ရေး တက်ကြွစွာပါဝင်လုပ်ဆောင်နိုင်သည့် အလုပ်အမှုဆောင်များအား ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ၁၉-၁၂-၂၀၁၅ရက် နံနက် ၉ နာရီထက် နောက်မကျဘဲ တက်ရောက်မဲပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

MPPA Office ဖုန်း-၀၁-၂၃၀၀၁၉၈၊ ၂၃၀၀၁၉၇

ရွှေဥရာစုသစ် ၏ စိန်ရွှေရတနာဆိုင်
ဗုဒ္ဓဂယာဘုရားဖူးကံစမ်းမဲ ကုသိုလ်ပြုနေပါသည်။
၂၀၁၅ နှစ်ဟောင်းကုန်၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နှစ်သစ် ၂၀၁၆ ကိုကြိုဆိုခြင်းပြုသော အထူးအစီအစဉ်
ရွှေထည်လက်ဝတ်ရတနာများကို အလျှော့တွက် ၁၀% လျှော့၍ ရောင်းချပေးနေပါသည်။
စိန်လက်ဝတ်ရတနာများကို အလျှော့တွက် ၂၀% လျှော့၍ ရောင်းချပေးနေပါသည်။
ရွှေထည်၊ စိန်ထည်များကို ဒုံးထည် အဖြစ်လည်း ရောင်းချပေးနေပါသည်။
ဗလာမပါ ကံစမ်းမဲ များလည်းလက်ဆောင်အဖြစ် ပေးနေပါသည်။ ကံစမ်းမဲကြောင့် အလျှော့တွက်ပိုမယူပါ။
ရတနာသည်သင့်အတွက်ထာဝရ
ရတနာစုလိုက
ရွှေဥရာစုသစ် သို့ကြွခဲ့ပါ
ရတနာများကို စုဆောင်းရင်း နှစ်သစ်ကို ဝမ်းပန်းတသာ ကြိုဆိုကြပါစို့။ အစဉ်အမြဲမိဘပြည်သူတို့အားလေးစားလျက်
အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃-လမ်းနှင့် ဗိုလ်ရွှေလမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၉၃၄၀၁၅၇၊ ၀၉ ၄၂၁၀ ၂၉၉၉

# အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**တနိုင်း ဒီဇင်ဘာ ၁၅**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက တနိုင်းမြို့ ကင်ဆားရာရပ်ကွက် အားကစားကွင်းကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကားပြောကြားပြီး ဖွင့်ပွဲအဖြစ် ရွှေမြန်မာနှင့် ရွှေဝါဝင်းအသင်းတို့ ကစားကြပြီးပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# တရုတ်ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ၌ မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

တရုတ် ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် တရုတ်ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လက်ရွေးစင်အသင်းများသာ ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် အဆင့်အတန်းမြင့်မားသည့် ပြိုင်ပွဲလည်းဖြစ်သည်။ အိမ်ရှင်တရုတ်လက်ရွေးစင်အသင်းအပါအဝင် မြန်မာ့လက်ရွေးစင်အသင်း၊ အီရန်လက်ရွေးစင်အသင်းနှင့် မက္ကဆီကိုလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကစားကာ အမှတ်အများဆုံးအသင်းဗိုလ်စွဲမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းမှာ ဒီဇင်ဘာ ၁၈ ရက်တွင် အီရန်လက်ရွေးစင်အသင်းနှင့် ပွဲဦးထွက်ပွဲစဉ်ကစားရမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် တရုတ်လက်ရွေးစင်အသင်း၊ ဒီဇင်ဘာ ၂၀ရက်တွင် မက္ကဆီကို လက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲအတွက် ကစားသမား ၁၅ ဦး ရွေးချယ်ထားပြီး လူသစ်ခြောက်ဦး ရွေးချယ်ထားသည်။ ပြိုင်ပွဲဝင်မည့် ဖူဆယ်အသင်းတွင် **အုပ်ချုပ်သူ** ဦးနိုင်သောင်းထိုက်၊ **အသင်းအတွင်းရေးမှူး** ဦးအောင်မော်သိန်း၊ နည်းပြချုပ် ဆာအီ(အီရန်)၊ **လက်ထောက်နည်းပြ** ဦးကျော်ဇင်ညွှန့်၊ ဂိုးနည်းပြ ဦးထွန်းထွန်းလတ်၊ ကစားသမားများအဖြစ် ပြည့်ဖြိုးအောင်**(ဂိုး)**၊ ကျော်ထက်အောင်**(ဂိုး)**၊ စောမင်းနောင်၊ အောင်ဇင်ဦး၊ သန့်ဇင်၊ အောင်ချစ်သူ၊ ရဲရင့်ဦး၊ စိုင်းပြုံးအောင်၊ နိုင်ရဲကျော်၊ ထက်မြတ်နိုင်၊ အောင်အောင်၊ ကျော်မင်းထွဋ်၊ ငြိမ်းမင်းစိုး၊ ပြည့်ဖြိုးမောင်(၂)နှင့် ပြည့်ဖြိုးမောင်(၃)တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် ပြိုင်ပွဲဝင်ရန် ဒီဇင်ဘာ ၁၆ ရက်(ယနေ့)ထွက်ခွာမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❒ *ကျောဖုံးမှ*

ထောင့်ကန်ဘောရရှိခဲ့သည်။ အဆိုပါ ထောင့်ကန်ဘောမှတစ်ဆင့် ကျောနံပါတ်-၆ ဟိန်းမင်းဇော်က ပထမဦးဆုံးဂိုးကို စတင်သွင်းယူပေးခဲ့သည်။ ဂိုးပေးလိုက်ရသည့် ဟောင်ကောင်အသင်းမှာ ကစားကွက်ယိမ်းယိုင်သွားမှုမရှိဘဲ ပြန်လည်တိုက်စစ်ဆင်ကစားရာ ၂၇ မိနစ်တွင် ကျောနံပါတ်-၁၃ Shepherdson James က ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်း ပြန်လည်ကစားရာ၌ သက်လုံပိုင်းဆိုင်ရာ အားနည်းသော ဟောင်ကောင်အသင်းမှာ သိသိသာသာ ကစားအားကျသွားသဖြင့် မြန်မာအသင်း အခွင့်ကောင်းယူကစားအားမြှင့်တင်ရာ ၅၅ မိနစ်တွင် မြန်မာအသင်းခေါင်းဆောင် ကျောနံပါတ်-၇ သန်းထွဋ်ဝင်းက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သဖြင့် မြန်မာအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင် ကစားရင်း ဒုတိယပိုင်း ပြီးဆုံးသွားခဲ့သည်။

ဒုတိယပွဲစဉ်အဖြစ် တရုတ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားရာ အာရှအဆင့် ထိပ်ဆုံးအုပ်စုတွင် ပါဝင်နေသော အင်အားကြီးတရုတ်အသင်းက တရုတ်(တိုင်ပေ)အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ ဒုတိယအကြိမ် အာရှဖိတ်ခေါ်အမျိုးသားဟော်ကီ ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို လာမည့် ဒီဇင်ဘာ ၁၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် တရုတ်အသင်းနှင့် မြန်မာအသင်း၊ ဒုတိယပွဲစဉ်အဖြစ် ဟောင်ကောင် အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

✻ *ကျောဖုံးမှ*

ဦးဆောင်ဂိုး ရရှိခဲ့သည်။ ဂျမီးဗာဒီသည် ယင်းဂိုးအပါအဝင် ပရီမီယာလိဂ်သွင်းဂိုး ၁၅ ဂိုး သွင်းယူခဲ့ပြီဖြစ်သည်။ ပွဲချိန် ၄၈ မိနစ်တွင် မာရက်စ်ကလက်စတာအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၇၇ မိနစ်တွင်လူစားဝင်လာသော တိုက်စစ်မှူး ရီမီက ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော ချေပဂိုးသွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် ချယ်လ်ဆီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ရမှတ် ၁၅ မှတ်ဖြင့် အဆင့် ၁၆ တန်းဆင်းဇုန်အထက်တွင် ရပ်တည်နေသည်။ လက်စတာအသင်းမှာရမှတ် ၃၅ မှတ်ရရှိပြီး အဆင့် (၂)၊ အာဆင်နယ်နှင့် နှစ်မှတ်ကွာခြားကာ ဇယားထိပ်တွင် ရပ်တည်နေသည်။

လက်စတာအသင်းသည် ဒီဇင်ဘာပွဲကျပ်ကာလအတွင်း အသင်းကြီးများနှင့် ဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဲဗာတန်၊ လီဗာပူး၊ မန်စီးတီးတို့နှင့် တွေ့ဆုံမည်ဖြစ်ကာ ဇယားထိပ်တွင် ဆက်လက်ရပ်တည်နိုင်ရေး ရုန်းကန်ရဦးမည်ဖြစ်သည်။ ချယ်လ်ဆီးမှာ တန်းဆင်းဇုန်မကျရောက်ရေး ဒီဇင်ဘာပွဲကျပ်ကာလတွင် ဆန်းဒါးလန်း၊ ဝက်ဖို့ဒ်၊ မန်ယူတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။



တိုက်စစ်မှူး ဗာဒီ လက်စတာအသင်းအတွက် အဖွင့်ဂိုးသွင်းယူစဉ်။


## ဝန်ထမ်းအမြန်အလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

**အိမ်တွင်းအလှဆင်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်**

၁။ **စားဖိုမှူး (လှိုင်သာယာတွင် တာဝန်ထမ်းဆောင်ရန်)** ကျား(၃ ဦး)
- အဆောင်တွင်နေနိုင်ရမည်။ မြန်မာစာ၊ တရုတ်စာ
- ဝန်ထမ်း(၁၅၀)အတွက် (နံနက်၊ နေ့လယ်၊ ည) သုံးနပ်စာချက်ရမည်။
- အတွေ့အကြုံ(၅)နှစ်ရှိရမည်။အစားအစာ ကုန်ကျစရိတ်နှင့် (Menu)များ ကိုယ်တိုင်ရေးဆွဲနိုင်ရမည်။
- ခံစားခွင့်(၂)သိန်းမှ(၅)သိန်း (လုပ်ဆောင်မှုပေါ် မူတည်၍ခံစားခွင့်ရှိပါမည်။)

၂။ **စားဖိုမှူးအကူ (လှိုင်သာယာတွင် တာဝန်ထမ်းဆောင်ရန်)** ကျား(၅ ဦး)
- အဆောင်တွင်နေနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။
- နေ၊ စား၊ ငြိမ်း(၁ သိန်း မှ ၂ သိန်း)

၃။ **ထမင်းချက်/သန့်ရှင်းရေး (နယ်တွင်တာဝန်ထမ်းဆောင်ရန်)** အမျိုးသမီး(၅ ဦး)
- တောင်ကြီး၊ မုံရွာ၊ မော်လမြိုင်၊ ပဲခူး၊ နေပြည်တော်ရုံးခွဲများတွင် တာဝန်ထမ်းဆောင်ရန်။
- ကျန်းမာသန်စွမ်းသူ၊ အလုပ်ကြိုးစားလုပ်ကိုင်သူဖြစ်ရမည်။
- အဆောင် စီစဉ်ပေးပါမည်။ (နေ၊ စား၊ ငြိမ်း၊ ကျပ် ၈၀၀၀၀)

**ဆက်သွယ်ရန်** ဖုန်း-၀၉-၇၉၅၈၉၉၉၅၈၊ ၀၉-၂၅၄၂၂၂၅၀၈ (နံနက်၈း၃၀ မှ ညနေ ၄း၃၀ အတွင်း)

**မှတ်ချက်။ ။ အမှတ်စဉ်အားလုံးအတွက် ဆေးစစ်ပြီးဆေးအောင်မှ အလုပ်ခန့်ပါမည်။**

## လေလံကြော်ငြာ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ငှက်သိုက်ကျွန်းများပေါ်မှ ငှက်သိုက်များကို ဒီဇင်ဘာ ၂၃ရက် နံနက် ၁၀နာရီတွင် သစ်တောဦးစီးဌာန၊ ပုသိမ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ပုသိမ်မြို့တွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ လေလံစည်းကမ်းများကို တစ်စုံလျှင် ကျပ် ၅၀၀နှုန်းဖြင့် သစ်တောဦးစီးဌာန၊ ပုသိမ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ပုသိမ်မြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့
ပုသိမ်ခရိုင်၊ ပုသိမ်မြို့**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၃) အဋ္ဌမတန်း(B)မှ မောင်ခင်ထွေး၏ ဖခင် ဦးထွဲ(ခ) ဦးထွန်းမြင့် ၁၀/ကမရ(နိုင်)၀၃၂၉၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် အမည်မှန်မှာ ဦးထွဲဖြစ်ပါကြောင်း။ **ဦးထွဲ**

## ပျောက်ဆုံးကြောင်း

ဦးလွှမ်းမိုးနိုင် (၅/ကလတ(နိုင်) ၁၄၂၈၈၅) ပိုင်ဆိုင်သော ၃က/၇၂၀၈ ယာဉ်၏ ပုံစံ(ယ) မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၄၅၀၀၀၅၄၃၅

ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်-နံနက်/ည)
အလောင်းတော်ကဿပ၊ မုံရွာအနီး၊ စစ်ကိုင်း(သီးသန့်) ဆက်၍- မန္တလေး ပြင်ဦးလွင်အနီး
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်မင်းလှိုက်ဂူ
ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား)
ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်
ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
ကျိုက္ခမီ၊ မော်လမြိုင်၊ ဇက်ခဲ၊ ဘားလပို့တောင်-(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
(သာမညာ-မြဝတီ-မဲဆောက်)(အကောက်တောင်)(ဇလွန်)(နေပြည်တော်)
သောကြာ Dec 24 Jan 1
ဖုန်းဆိုတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 တာမွေ 09421029191

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၃၇၃၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

**သွေးသည့် အသက်**





*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် " ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ခုနစ်သံချို အရှေ့ကျုံးလမ်း

ဆူးငှက်



မန္တလ ပဗ္ဗတေ ဠိတပုဒ္ဓါနံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။
ဣဒံ ဝစနံ သစ္စံ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောမိ သဗ္ဗဒါ။

အရှေ့မြောက်ကျုံးထောင့် သုဓမ္မာဇရပ်ထိပ် မန်ကျည်းပင်ကြီးအောက်မှာရပ်ရင်း မန္တလေးတောင်ဘုရားရှိခိုးကို ရွတ်ဆိုနေမိ၏။ မေ-အကျွန်ုပ်အား။ သဗ္ဗဒါ-အခါခပ်သိမ်း။ သောတ္ထိ-ချမ်းသာခြင်းသည်။ ဟောမိ-ဖြစ်ရပါလို၏။ တဲ့. . .။

တကယ်တော့ဟောသည် မန္တလေးတောင်ရိပ်က မန်ကျည်းပင်အောက်မှာပင် ချမ်းသာခြင်းကို ခံစားနေရချေပြီ။ တစ်ဖက်မှာ ကျုံးရိပ် ရေရိပ် ကြာရိပ်. . .၊ ဟောသည်မှာ သုဓမ္မာဇရပ်တန်း. . .။ ရှေ့တူရူမှာ စန္ဒာမုနိမြတ်စွာဘုရား. . .။ ဟိုမှာ ကုသိုလ်တော်. . .၊ ရှေ့မှာစိမ်းရောင်စုံခြယ် မန္တလေးတောင်တော်က အုပ်မိုး. . .။ မန္တလေးတောင်တော်နှင့် မန်ကျည်းပင်ရိပ်ကြားမှာ ကျောက်တော်ကြီးဘုရားပရိဝုဏ်။

မန္တလေးတောင်၊ စန္ဒာမုနိနှင့်ကျောက်တော်ကြီး ဖိုခုံလောက်ဆိုင်အလယ်မှာက ဆီးဘန်နီဆရာတော် အထိမ်းအမှတ်ဗိမာန်. . .။

သည်နေရာက မန္တလေး၏ဇာတိချက်မ ဗဟိုနေရာဖြစ်၏။ သည်နေရာက မန္တလေးရန့် အထုံမွှမ်းဆုံးနေရာလည်းဖြစ်သည်။ သည်နေရာက ဇာတိပုည ဂုဏ်မာန တို့ တက်ကြွဖွယ်ရာနေရာလည်းဖြစ်ချေသည်။ အရိပ်ကောင်းသော မန်ကျည်းပင်ကြီးတွေအောက်မှာ ဖျော်ရည်သည်လေးတွေရှိမည်။ အကြော်သည်လေးတွေရှိမည်။ တစ်ခါတစ်ရံ မန္တလေးမြီးရှည်သည်ပင်ရှိနိုင်ပါ၏။ စန္ဒာမုနိဘုရား အနောက်မုခ်အနီး ထနောင်းပင်ထက်မှ ချိုးကူသံက ဘိုးဘိုးကြီးနတ်နန်းမှ နတ်ဒိုးသံနှင့် အပြိုင်ဖြစ်သည်။

ဘိုးဘိုးကြီးနတ်နန်းသည် မန္တလေးတောင်ခြေ အရှေ့တောင်ဘက် စောင်းတန်းအဆင်းတွင်ရှိ၏။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်က အမတ်ဖြစ်ပြီး ရွှေဖျဉ်းညီနောင်ကို အနော်ရထာမင်းက အပ်၍မွေးထားရသည်။ တရုတ်ပြည်မှ စွယ်တော်ပင့်ပြန်လာသည့်ကာလ မန္တလေးအရပ်တွင် ဘိုးတော်၏ တပ်လည်းချရသည်ဆို၏။ ရွှေဖျဉ်းညီနောင်တို့ကို ကွပ်ညှပ်ရာတွင် ဘိုးတော်ကိုလည်း ကိုယ်လုံးပြည့်ကြိမ်ကြိုးတို့ဖြင့် ပြည့်အောင်ချုပ်နှောင်ပြီးမှ မန္တလေးအရပ်တွင် ကွပ်ညှပ်ခံရသောအခါ နတ်ဖြစ်သည်။ အရှေ့တောင်စောင်းတန်းအခြေရှိ မန္တလေးဘိုးတော်ခေါ် မန္တလေးဘိုးဘိုးကြီးနတ်နန်းမှာ ကြွေပြားခင်း အုတ်တိုက်အဆောက်အအုံကြီးဖြင့် လာဘ် လာဘရွှင် ခံ့ထည်လျက်ရှိ၏။ ယခင်က မရှိခဲ့ဖူးသော ဓလေ့ဖြစ်သည့် ကားဝယ်၊ ကားရောင်းကားပြသူများက နေ့စဉ် ဘိုးဘိုးကြီးနန်းမှာ တန်းစီနေကြရသည်။ ထို့အပြင် မန္တလေးတွင် ရှင်ပြု နားသအလှူအများစုက မန္တလေးဘိုးဘိုးကြီးနန်းကို ရှင်လောင်းပြသည့်ဓလေ့လည်း အခုမှ ထွန်းကားနေလေသောကြောင့် တောင်ခြေမှာ ရွှေထီးတဝင်းဝင်းနှင့် ရှင်လောင်းပြအမိုးဖွင့်ကားတွေလည်း စည်စည်ကားကားရှိနေတတ်သည်။

ဓိဌာန်ကတိဖြင့် စီးပွားအောင်မြင်သူတွေကလည်း ဘိုးဘိုးကြီးနန်းမှာ ကနားပေးပူဇော်ကြသူတွေကလည်း မရှားမို့ တောင်ခြေမှာ ရှာပန်းနီစနှင့် နတ်ဒိုးသံကလည်း မပြတ်တော့. . .။

ဤသို့ဖြင့် အရှေ့ကျုံးလမ်းသည် သူ၏ကန့်လန့်ကာကို ခုနစ်သံချိုနှင့် ဖွင့်လိုက်လေတော့သည်။

အရှေ့ကျုံးလမ်းအစ ကျောက်တော်ကြီးဘုရား အရှေ့ဘက်မုခ်အထွက်ဝဲယာတွင် ခုနစ်ဌာနအပါအဝင် ပဋ္ဌာန်းဟော ရွှေသိမ်တော်နှင့် သုဓမ္မာဇရပ်တော်ကြီးရှိခဲ့ဖူးသည်။ ယခုတော့ ထိုနေရာတွင် အုတ်ပုံအရာသာ ကျန်တော့၏။ ပဋ္ဌာန်းဟောရွှေသိမ်နှင့် သုဓမ္မာဇရပ်တော်ကြီးကို မင်းတုန်းမင်းကြီး၏ မြောက်နန်းတော်မိဖုရား "သီရိမဟာရတနာမင်္ဂလာဒေဝီ"က ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၂၂၃ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့တွင် ပြီးမြောက်သဖြင့် မင်းတရားကြီးနှင့်တကွ အရှင်မိဖုရားခေါင်ကြီးနှစ်ပါး မင်းခမ်းမင်းနားနှင့် ထွက်တော်မူ၍ ရေစက်သွန်းချတော်မူသည်။ သုဓမ္မာဇရပ်တော်အတွက် ကုန်ကျငွေ ၃၂၇၈၀ဖြစ်ပြီး ယောမြို့စားမင်းကြီး မင်းလှမဟာစည်သူ ကြပ်မတ်ဆောက်လုပ်ခဲ့သည်။

သုဓမ္မာဇရပ်တော်ကြီးနှင့်ပတ်သက်၍

"သုဓမ္မာ ဇရပ်မြေဝင် ၃တောင်၊ ကျော ၁၁ တောင်၊ စမြင် ရေဆင်း ၃ တောင် ၁ မိုက် ၄ သစ်၊ ၄င်းလည် ၁ တောင် ၂ မိုက်၊ ပထမဘုံရေဆင်း ၃ တောင် ၁ မိုက်၊ ၄င်းလည် ၅ တောင်၊ ဒုတိယဘုံရေဆင်း ၃ တောင် ၁ မိုက်၊ ၄င်းလည် ၅ တောင် ၂ မိုက် စုစုအရပ်ပေါင်း ၃၆ တောင် ၁ မိုက် ၄ သစ် ဖြစ်သတည်း။

ဇရပ်တော်အလျား တောင်ပေါင်း ၆၀ အနံ ၄၁ တောင်၊ ဆယ်ခန်းတွင် ပထမစမြင်ခန်းဖွင့် ၇ တောင်၊ ဒုတိယနှာရောင် ၆ တောင် ၁ မိုက်၊ တတိယ ၆ တောင်၊ ကွန်း ၄ ခန်းတွင် တစ်ခန်းလျှင် ၅ တောင် ၁ မိုက်ကျ။ ၄ ခန်းသင့် ၂၃ တောင် ၁ မိုက်၊တဘက်စမြင်နည်းတူ၊ အနံ ပထမဘုံ ၆ တောင်၊ ဒုတိယ ၅ တောင် ၂ မိုက်၊ တတိယ ၅ တောင် ၁ မိုက်၊ ကွန်းခန်းတွင် ပလက်ဝဲ လက်ျာ မျှသတည်း။ ။

ဤသို့လျှင် ကြီးကျယ်လှစွာသော "သုဓမ္မာဇရပ်တော်ကို ပြောက်နုပြောက်သေး၊ ကြေးကွေးစိန်တောင်၊ ကြာမျှောင်ကြာထပ်၊ ကြာချပ်ကြာဖူး၊ ကြိုးပူးကြိုးလိမ်၊ အသိမ်အမွေ့၊ အစေ့အစပ်၊ သပ်ရပ်လှစွာ၊ ကိန္နရီ ကိန္နရာ၊ ကြိုးကြာစက္ကဝက်၊ ငှက်ရုပ်သားရုပ်အမျိုးမျိုးနှင့်တကွ၊ မှန်ကင်းရှစ်ဆူ၊ ရောင်လူညီးညီး၊ ရွှေထီးလေးဆိုင်း၊ အပြိုင်ထပ်မျှ၊ သက္ကဝါသ၊ သိကြားနေရာ၊ တာဝတိံသာ၊ သုဓမ္မာမည်ပြီး၊ ဇရပ်ကြီးကဲ့သို့သော ဇရပ်တော်ကြီးကို လက်သမားစရာ၊ ပညာမြင်မြော်၊ ပန်းရန်ကျော်တို့အား ကံကျွေးလက်ခ၊ အုတ်အင်္ဂတေ၊ သံရွှေသစ္စေး၊ ဝိုက်ကွေးတိုင်ကြာ၊ အခင်းကျောက်ဖျာစသည်တို့နှင့်ကုန်ဝင်သည့် ငွေတော်သပြာသုံးသောင်းနှစ်ထောင့် ခုနစ်ရာ့ရှစ်ဆယ်ကျော်တို့ကို အတွင်းဝန်ယောမြို့စားမင်းကြီး မင်းလှမဟာစည်သူတို့နှင့် အပ်ကြပ်မကြီးမှူး လုံ့လရိုးရင်းရသဖြင့်၊ ရွှေတောင်မောက်မောက်၊ မြေကပေါက်ဝင်သို့၊ ပြီးစီးပြည့်စုံသည်ကို အနုမောဒနာသဘင်ရင်တော်မူရာ. . ."

စသည်ဖြင့် ရေးထိုးထားခဲ့၏။ ယနေ့အချိန်မှာတော့ ထိုသုဓမ္မာဇရပ်တော်ကြီးနှင့်အတူ ပဋ္ဌာန်းဟော ရွှေသိမ်တော်ကိုလည်း မြင်ခွင့်မရတော့ပေ။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ပြည်ကျော်ဈေး၊ ဘီလူးမညောင်ပင်၊ ခြင်္သေ့ကြီးနှစ်ကောင်နှင့် မိကျောင်းတံတားနိဂုံး

***ယခင်အပတ်မှအဆက်***

ညနေတွင် ထောပတ်ပဲပြုတ်၊ စွန်တာနီပဲပြုတ်များလည်း ဟင်းအဖြစ်စားသုံးကြတော့ ပဲပြုတ်သည်များ အစုအဝေးလိုက်ရှိခဲ့သောအရပ်မို့ ပဲဝင်းခေါ်၏။ အခုပဲဝင်းက အနောက်ပဲဝင်း၊ ညွန့်ပေါင်းဈေးနားမှာလည်း ပဲဝင်းရှိပါသေးသည်။ အခုတော့ အနောက်ပဲဝင်းမှာ ပဲသည်တွေ မရှိသလောက်။ လွန်ခဲ့သောနှစ် ၂၀ လောက်ဆီက လောင်သောမီးကြောင့် မြို့သစ်ပဲဖြူကုန်းသို့ အစောဆုံးရောက်သွားကြပြီ။ အခုပဲဝင်းမှာက ကုန်သည်ပွဲစားတွေ၊ ကျောက်သွေးကျောက်ဖြတ်သူတွေ။ ပဲလှော်ချောင်ဆိုသည်မှာလည်း ပဲကြီးလှော်၊ ပဲကျားလှော်များကို ဖိုကြီးများဖြင့် လှော်သောလှော်ဖိုကြီးတွေရှိသောအရပ်မို့ ခေါ်ကြခြင်းဖြစ်၏။ ပဲလှော်ချောင်မှာလည်း ပဲလှော်ဖိုကြီးများအစား ပဲခွဲစက်၊ ပဲဂိုဒေါင်၊ ကျောက်သွေးကျောက်ဖြတ်စက်တွေဖြစ်လာသည်။ (၁၂-၃-၉၉) နေ့က မိကျောင်းတံတားလမ်းအရှေ့ဘက်ရှိ ခြင်္သေ့ညီနောင်ပဲခွဲစက်မှ စတင်လောင်လိုက်သော မီးက စမွန်းချောင်၊ ပဲလှော်ချောင်၊ ပဲဝင်းတို့ကို ဝါးမြိုသွားခဲ့ပြန်ပါသည်။ ပဲဂိုဒေါင်များ၊ ပဲခွဲစက်များ၊ လူနေအိမ်များ၊ မူလတန်းကျောင်းများ၊ ဘုန်းကြီးကျောင်းများပင် ပါဝင်သွား၏။ ယခုအခါ လမ်းကျယ်များ စနစ်တကျပြန်လည် ဖောက်လုပ်နေပါသည်။ မကြာမီ လူနေအကွက်များ ပြန်လည်ချထားပေးပေလိမ့်မည်။

ဖီးနစ်ငှက်ပမာ ပြာပုံထဲကခေါင်းထောင်ပြီး အမြင့်ဆီထိ ပျံသန်းပြပေလိမ့်ဦးမည်။ ပဲလှော်ချောင်တောင်ဘက်အရပ်ကိုတော့ "စမွန်း" တဲ့။

မိကျောင်းတံတားလမ်းသည် စမွန်းရပ်ရောက်သောအခါ ၃၄ လမ်းထိပ်၌ အဆုံးသတ်သွားပါသည်။ တံတား၏တောင်ဘက်ထိပ်မှာတော့ ရောမအုတ်ခြင်္သေ့ကြီးနှစ်စီးရှိပါ၏။ အုတ်ခြင်္သေ့ကြီးနှစ်စီးက မန္တလေးတွင် အကြီးဆုံး၊ အချိုးအကျဆုံး အုတ်ခြင်္သေ့ကြီးများဖြစ်ကာ ခြေသည်း၊ လက်သည်းများကို စကျင်ကျောက်များဖြင့် ထုလုပ်ထားပြီး ခြေသည်း၊ လက်သည်းများပင် သုံးပေကျော်ရှည်လျားသည်။ ယခင်က အုတ်ခြင်္သေ့ကြီးနှစ်စီးဘေးတွင် ကျူးကျော်တဲများရှိသော်လည်း ယခုအခါ ရှင်းလင်းသန့်ရှင်းနေပါပြီ။ အုတ်ခြင်္သေ့ကြီးများကို ပြန်လည်ပြင်ဆင်ထားပြီး ဆေးရောင်များပင် ခြယ်သထားသောကြောင့် မူလလက်ရာကို အတော်မှန်းဆကြည့်နေရ၏။

သန့်ရှင်းသပ်ရပ်ကာ ဆေးရောင်စုံခြယ်သထားသော ခြင်္သေ့ရုပ်ကြီးများရှေ့တွင်လည်း ကန်တော့ပွဲများတွေ့နေရပြန်ပါသည်။ ခြင်္သေ့ကြီးကို ဓာတ်ပုံရိုက်တော့ အနားက မိန်းမတစ်ဦးက "ဒီခြင်္သေ့ကို ဓာတ်ပုံရိုက်ရင် ဘယ်တော့မှပုံမပေါ်ဘူး၊ နတ်ခြင်္သေ့ကြီးတွေ၊ ကန်တော့ပွဲထိုးဆုတောင်းရင် လိုရာဆန္ဒပြည့်တယ်။ ခြင်္သေ့ကြီးတွေကို မတော်တရော်ကြံစည်စိတ်ကူးရင် ဥပဒ်ဖြစ်တတ်တယ်"ဟု လာရောက်ပြောပြနေ၏။ သြော်. . . ကျွန်ုပ်တို့ မြန်မာများစဉ်းစားဉာဏ်နည်း၍ အကြောက်တရားကြီးလိုက်ပုံက ဘီလူးမရုပ်၊ ခြင်္သေ့ရုပ်များပင်လျှင် ဆေးသုတ်ခြယ်လှယ်ထားလျှင် ကန်တော့ပွဲဖြင့် ထိုင်ကန်တော့ကြဖို့ဝန်မလေး။ ဤသို့ဆိုလျှင် ကြာရင်ဖြင့် ရုပ်တုရှိသမျှ ပူဇော်ကြရမည့်ကိန်းချည်း ဖြစ်ကုန်လိမ့်မည်။ မင်းတုန်းမင်းကြီးလက်ထက်က ခြင်္သေ့ဦးဟုခေါ်ခဲ့သော မိကျောင်းတံတားအဆုံး ခြင်္သေ့ကြီးနှစ်ကောင်အနီးက အရပ်မှာ ထိုစဉ်က "ပြည်ကြီးပျော်ဘွယ်" အရပ်ဟုထင်ရှားခဲ့၏။ ယခုထိုနေရာသည် ပွဲစားကုန်သည်တို့၏ အချက်အချာနေရာဖြစ်နေပါပြီ။ မျက်နှာပန်းလှ၊ ဈေးကောင်းဝင်ရပ်ကွက်ကြီးတွေဖြစ်နေပါပြီ။ အနားမှာလည်း ပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်းကြီး၏ နာမည်ကျော်ကုန်စည်ဒိုင်ကြီးလည်းရှိနေပြီ မဟုတ်ပါလား။

× × ×

သတင်းတိုများ

## တတိယအကြိမ် စာကြည့်တိုက်ဖိုရမ် ကျင်းပမည်

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းကကြီးမှူး၍ တတိယအကြိမ် စာကြည့်တိုက် ဖိုရမ်ကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ စာပေဗိမာန်ရုံးခန်းမ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် စာကြည့်တိုက်နှင့် စာရေးသူ ခေါင်းစဉ်ဖြင့် စည်သူဒေါက်တာ သော်ကောင်းနှင့် စာရေးဆရာမ သီတာ(စမ်းချောင်း) တို့က ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **ဥမ္မာထွေး**

— — — — — — —

## နန့်ဝိုင်/တာဆိုင်ကျေးရွာကျောက်ချောလမ်းခင်း

ကချင်ပြည်နယ် မိုးမောက်မြို့ နန့်ဝိုင်/တာဆိုင်ကျေးရွာလမ်းအား ကျောက်ချောခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်းခင်းခြင်းပြီးစီးပါက လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

— — — — — — —

## ကျေးလက်မီးလင်းရေး ဓာတ်ကြိုးများသွယ်

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်းရှိ လွယ်လင်းကျေးရွာနှင့် ကုန်းလုံကျေးရွာတို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ၁၈၂ ဒသမ ၁၂၂ သန်းဖြင့် ထရန်စဖော်မာအသစ်တပ်ဆင်ခြင်း၊ လျှပ်စစ် ဓာတ်တိုင်နှင့် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ သွယ်တန်းပေးခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

— — — — — — —

## ကျင်းကျေးရွာတွင် အထက်တန်းကျောင်းဖွင့်

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ကျင်းစံပြကျေးရွာတွင် အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

— — — — — — —

## ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က မြို့တော်ခန်းမ၌ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ မဟာဗျူဟာရေးဆွဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ၊ မြန်မာနိုင်ငံ ရေနှင့်ပတ်ဝန်းကျင်ဆိုင်ရာမဟာဗျူဟာ ရေးဆွဲခြင်း နောက်ခံအကျဉ်းချုပ်၊ လုပ်ငန်းအဖွဲ့ရေးဆွဲမှုလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခိုင်ဇာဝင်း(ပြန်/ဆက်)**

— — — — — — —

## အခြေခံအိမ်တွင်းမှု သင်တန်းဆင်းပွဲကျင်းပ

နိုင်ငံတော်က နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်လျက် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၁၄ ရက်က အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

— — — — — — —

## မင်္ဂလာရေကန်အတွက် အုတ်စီလုပ်ငန်းများဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက် မင်္ဂလာရေကန်ကြီးကို ရေပေးသွင်းရန်အတွက် အရှည်ပေ ၆၀၀၀၊ အကျယ်ခုနစ်ပေရှိသော မြေသားမြောင်းအား ကွန်ကရစ်အခင်းဆောင်ရွက်ခြင်း၊ မြေသားဘောင်အုတ်စီခြင်းလုပ်ငန်းများကို နတ်တလင်းမြို့ ဆည်မြောင်း ဦးစီးဌာန မြို့ပြရုံးမှ နိုဝင်ဘာ ၂၅ ရက်က စတင်တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နေပြည်သူများအတွက် သန့်ရှင်းလုံလောက်သော ရေပမာဏရရှိနိုင် ရန်အတွက် ရေသိုလှောင်ပမာဏ ၁၃ ဒသမ ၆၉ ဂါလန်ဆံ့သော မင်္ဂလာရေကန်ကြီးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်၌ အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာလ ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ တွင်ပါရှိသော "မြန်နှုန်းမြင့်မြင့်မှာ တာယာမပွင့်စေဖို့ အပိုင်း(၂)" ဆောင်းပါး၏ ကော်လံ-၁ ဒုတိယပိုဒ်တွင် "MXV" အစား "MX" ဟူ၍လည်းကောင်း၊ တတိယပိုဒ်တွင် "MXV" အစား "MXX" ဟူ၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

## တရားမဝင်ပို့ကုန်ငါးများတင်ဆောင်လာသည့် ငါးလှေတစ်စင်းကို အရေးယူ

**ကော့သောင်း ဒီဇင်ဘာ ၁၅**

ကုန်သွယ်ရေးစခန်း (ကော့သောင်း) Mobile Team အဖွဲ့မှ စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေး ကြပ်မတ် စစ်ဆေးခြင်းလုပ်ငန်းစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံသို့ ငါးများ တရားမဝင်တင်ပို့မည့် ငါးသယ်ရေယာဉ်တစ်စင်းအား ပါချန်ပင်လယ်ဝတွင် စစ်ဆေးအရေးယူခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ပါချန်ပင်လယ်ဝ သူဌေးကျွန်းအနီး ထိုင်းနိုင်ငံသို့ ဦးတည်ခုတ်မောင်းနေသည့် အောင်မြတ်ဟိန်းအမည်ရှိ ရေယာဉ်အားရပ်တန့်စစ်ဆေးရာ အထောက်အထားများ ပြည့်စုံခိုင်လုံမှုမရှိသည့်အပြင် ပို့ကုန်လိုင်စင်မဲ့ဖြင့် ပြည်ပသို့တင်ပို့မည့် ပါကေး (ငါးအသေ) ကီလိုဂရမ် ၆၀၀၀နှင့် ပြည်ကြီးငါး(ကင်းမွန်) ကီလိုဂရမ် ၁၁၀၀ ခန့် တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသည်။

ထို့ကြောင့် သွင်းကုန် ပို့ကုန် ဥပဒေဖြင့် အရေးယူသိမ်းဆည်းကာ ရေယာဉ်နှင့် ငါးသယံဇာတများကို သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



## ဒေါ့ဖုန်းယန်မြို့၌ စက်ချုပ်သင်တန်းဖွင့်

**ဒေါ့ဖုန်းယန် ဒီဇင်ဘာ ၁၅**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့ ဒေသခံတိုင်းရင်းသူအမျိုးသမီးလေးများကို ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန် ရည်ရွယ်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂၅/၂၀၁၅) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၆/၂၀၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုမြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစသည့်လုပ်ငန်းများကို စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး အခြေခံစက်ချုပ်သင်တန်းသူ ၁၈ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၁ ဦး စုစုပေါင်း ၂၉ ဦးတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အခြေခံပညာအထက်တန်းကျောင်း အဆင့်မြှင့်တင်ဆောင်ရွက်မှုပြီးစီး

**ကလေး ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရေကြီးရေလျှံမှုကြောင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ နှစ်ထပ်ကျောင်းဆောင်အားလုံး ကျောင်းဆောင်တစ်ထပ်ကျော်အထိ ရေနစ်မြုပ်ခဲ့ရာ ရေပြန်ကျပြီးနောက် ရွှံ့နွံများဖုံးလွှမ်းလျက်ရှိသောကျောင်းဝင်းအားလုံး စက်ယန္တရားကြီးများဖြင့် ဖယ်ထုတ်ရှင်းလင်းပေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနက အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းရှေ့ ကွင်းပြင်ကြီးကို ကွန်ကရစ်ခင်းကျင်းပေးခြင်းများ ပြီးစီးပြီဖြစ်သည့်အပြင် ကျောင်းအဝင်အထွက် လမ်းမကြီး နှစ်ခုကိုလည်း ကွန်ကရစ်များခင်းပေးလျက်ရှိပြီး ကျောင်းဝင်းပတ်လည်နှင့် ကျောင်းအဝင်လမ်းမဘေးနှစ်ဖက်ကို ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရ သည်။ **ဂျူနိုင်း**

## သပိတ်ကျင်းမြို့ မီးသတ်စခန်းအဆောက်အအုံသစ် ဆောက်လုပ်ပြီးစီး

**သပိတ်ကျင်း ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့တွင် မြို့နယ်မီးသတ်စခန်းရုံးကို ကမ္ဘာအေးမြို့ကွက်သစ်တွင် ဒီဇင်ဘာ ဒုတိယပတ်က ဆောက်လုပ်ခဲ့ရာ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

သပိတ်ကျင်း မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်စခန်းတွင် မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီးရှိပြီး မြို့အင်္ဂါရပ်နှင့်အညီ မီးသတ်ကားများထားရှိရန် အလျား ၆၅ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၁၅ ပေရှိ RCC



အဆောက်အအုံကို မန္တလေးတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ငွေကျပ် ၆၄၂ သိန်းကျော် အကုန်အကျခံကာ အောင်ဇေယျသွန်းကုမ္ပဏီက ၂၀၁၅ ဇူလိုင်လမှ စတင်ကာ တာဝန်ယူဆောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း )**

## ဒုတိယအကြိမ် AIR KBZ ရွှေအောင်လံ ရိုးရာလက်ဝှေ့ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

